၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

Voice of Burma

Published by Voice of Burma Information Group

Issue No. 705 APRIL 12, 2009

1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN
Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp

# အဲန်အဲလ်ဒီက အထူးကြေညာချက် ၁၈ ပါအချက်များကို ပြန်လည်သုံးသပ်လျက်ရှိ

**Mizzima ၊ ဧပြီလ ၈ ။** ။ နိုင်ငံရေးထွက်ပေါက်တခု ရနိုင်ရန်ရည်ရွယ်၍ အဲန်အဲလ်ဒီက ၎င်းတို့၏ အထူးကြေညာချက်အမှတ် ၁၈/၀၉/၀၈ ပါအချက်များနှင့် ထပ်တိုးထုတ်ပြန်သောအချက်များအပေါ် သုံးသပ်နေသည်။

အထူးကြေညာချက်အတွင်းဖော်ပြထားသည့် လွှတ်တော်ခေါ်ယူပေးရေးဆိုသည်မှာ အာဏာရယူရေးမဟုတ်ဘဲ အခြေခံဥပဒေကိုပြန်လည်ပြင်ဆင်၍ အတည်ပြုရေးအတွက်သာဖြစ်ကြောင်း အဲန်အဲလ်ဒီကပြောပါတယ်။ အဆိုပါလုပ်ငန်းစဉ်အတွက် ဒေါ်အောင်ဆန်း စုကြည်နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ လူချင်းတွေ့ဆုံဆွေးနွေးခြင်းဖြင့် စတင်သင့်ကြောင်းနှင့် ယင်းသို့တွေ့ဆုံခြင်းသည်လည်း ကြိုတင်သတ်မှတ်ချက်မဟုတ်ကြောင်း အဖွဲ့ဗဟိုအလုပ်အမှုဆောင် ဦးခင်မောင်ဆွေက ပြောပါသည်။

"ဒေါ်စုနဲ့ ဗိုလ်ချုပ်မှူးကြီးနဲ့တွေ့တဲ့အခါ အခြေခံဥပဒေပြင်ဆင်ရေးလက်ခံလိုက်ပြီဆိုရင် ဒါအားလုံးကပြီးသွားပြီပေါ့ဗျာ။ အဲဒီကျတော့ကာ လွှတ်တော်ခေါ်ပြီးမှ ကော်မတီဖွဲ့မယ့်အစား တခြားနည်းလမ်းရှိဦးမလား၊ နောက်ဆုံးအဆင့်မှာတော့ လွှတ်တော်မပါဘဲနဲ့လည်းမဖြစ်ဘူးလေ။ ၉၀ ရွေးကောက်ပွဲရလာဒ်ကို အသိအမှတ်ပြုရမှာကိုး။ ဆွေးနွေးပွဲလုပ်ပြီးတဲ့နောက် နှစ်ဦးနှစ်ဖက်ကျေလည်သွားလို့ရှိရင် ကော်မတီတရပ်ဖွဲ့ပြီးတော့ လွှတ်တော်မှာတင်ပြီးတော့ အတည်ပြုလို့ရှိရင် ဖြစ်နိုင်မလားဆိုတဲ့ Option တွေစဉ်းစားကြတာ။ အဓိကက ယုံကြည်မှုပေါ်မူတည်တာပေါ့။"

အထူးကြေညာချက် ၁၈ ၌ ၂၀၀၈ ခု ဖွဲ့စည်းပုံအခြေခံဥပဒေသည် နအဖ တို့က 'အတင်းအဓမ္မ' အတည်ပြုထားခြင်းဖြစ်ပြီး ပြည်သူအားလုံး၏ဆန္ဒနှင့် ကိုက်ညီခြင်းမရှိသဖြင့် ၁၉၉၀ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃ နှင့်အညီ အနိုင်ရနိုင်ငံရေးပါတီများမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြည်သူ့လွှတ်တော်ကို အာဏာပိုင်များက အမြန်ဆုံးခေါ်ယူဖွဲ့စည်းပေးရန် ပါဝင်သည်။

ယင်းပြည်သူ့လွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်သုံးသပ်ရေးကော်မတီကို ၁၉၉၀ ခု ရွေးကောက်ပွဲတွင် အနိုင်ရပါတီများမှကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တပ်မတော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ အပစ်အခတ်ရပ်စဲထားသောလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကျွမ်းကျင်သူပညာရှင်များဖြင့် ဖွဲ့စည်းပေးရန်ဖြစ်သည်။

ပြည်သူများအတွက်စစ်မှန်သည့်ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရစေချင်သည့် အဲန်အဲလ်ဒီ သည် ရွေးကောက်ပွဲပြီးကာစ၌ အာဏာလွှဲပြောင်းရေးကိစ္စများကို အာရုံစိုက်ခဲ့သော်လည်း နောက်ပိုင်း၌ ပြောင်းလဲသွားသည့်အခြေအနေအရပ်ရပ်ကိုလည်း လက်ခံနိုင်ခဲ့ကြောင်း ဦးခင်မောင်ဆွေကပြောပါသည်။

"အနိုင်ရပါတီကို တကယ်ဘဲလွှတ်တော် ခေါ်ပေးပြီးတော့ အာဏာသုံးရပ်ကိုလွှဲပြောင်းပေးမယ်ထင်ကြတာကိုး၊ ရွေးကောက်ပွဲမတိုင်ခင်တုန်းက ဒီအပေါ်မှာ ရှင်းလင်းချက်ထုတ်မထားတဲ့အခါကျတော့ အစဉ်အလာအားဖြင့် ဒီလိုဘဲရှိတာကိုး။ ရွေးကောက်ပွဲရလာဒ်ကို အသိအမှတ်ပြုတဲ့အနေနဲ့ လွှတ်တော်ခေါ်ပေးရမယ် ဆိုပေမယ့် လွှတ်တော်က ဖွဲ့စည်းပုံမှာ ဒီမိုကရက်တစ်ဖြစ်တဲ့ အချက်အခက်တွေကို နှစ်ဘက်တူညီတဲ့သဘောထားအရ ထည့်သွင်းပြင်ဆင်ပြီး ပြန်လည်အတည်ပြုပေးဘို့ဘဲဖြစ်တယ်။ အာဏာသုံးရပ်နဲ့ဘာမှမဆိုင်ဘူး" ဟု သူက ပြောပါသည်။

သို့သော် ပြီးခဲ့တဲ့ ၆၄ နှစ်မြောက် တော်လှန်ရေးနေ့တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်သူလူထုက အတည်ပြုပေးထားပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိပါးမှုလုံးဝမပြုမိရန်လိုအပ်ကြောင်း ထုတ်ဖော်ပြောဆိုသွားခဲ့ပါတယ်။ ဦးခင်မောင်ဆွေကမူ "ဒါကတော့ဗျာ ၂၀၀၈ ခု အခြေခံဥပဒေမှာ အခြေခံအချက်တွေကို ပြင်ဆင်ခွင့်ရှိတယ်ဆိုတာက ပါနေတယ်။ အခြေခံဥပဒေကိုပြင်ဆင်ဘို့တောင်းတဲ့ဥစ္စာက ဖျက်လိုဖျက်ဆီးလုပ်တာမဟုတ်လို့ရှိရင် ပြင်ဆင်သုံးသပ်ခွင့်ရှိနေတာဘဲ။ ဥပဒေကြောင်းအရ လုပ်ပိုင်ခွင့်ရှိနေတာဘဲ။ ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း ဥပဒေတွေဟာတခါတည်းဆွဲပြီး တခါတည်းပြီးသွားတာမှမဟုတ်ဘဲ။ ပြင်ဆင်ခွင့်ရှိတဲ့အခြေခံဥပဒေဟာ ပြင်ဆင်ခွင့်တောင်းဆိုတာဟာ မထိပါးနဲ့ဆိုတာနဲ့မဆိုင် ပါဘူး" ဟု ပြောပါသည်။

အထူးကြေညာချက်ထုတ်ပြီးနောက် ပြည်ထဲရေးရုံး၌ ရဲချုပ်နှင့် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များတွေ့ဆုံကြရာ၊ ရဲချုပ်က အထူးကြေညာချက်

**စာမျက်နှာ ၁၃ သို့**

ဧရာဝတီ... 
ဧဝမျိုးဆက်ကျောင်းသားများအဖွဲ့ နအဖသို့အိတ်ဖွင့်ပေးစာပို့ နိုင်ငံရေးအခွင့်အလမ်းကောင်း ဆုပ်ကိုင်ရန် တိုက်တွန်း **စာမျက်နှာ ၂**

အဖွဲ့ချုပ် လွှတ်တော် ကိုယ်စားလှယ်စုံညီ ပါတီတွင်းအစည်းအဝေး ခေါ်မည် **စာမျက်နှာ ၃**

နိုင်ငံခြားအလှူငွေရလျှင် မြန်မာ့စီးပွားရေး ကျားကန်နိုင်မည်ဟု အေဒီဘီ က ဆို **စာမျက်နှာ ၈**

မြန်မာနိုင်ငံကိုဝိတ်ဆို့ အရေးယူရေး လောလောဆယ် ဂျပန်ကျင့်သုံးရန်မရှိ **စာမျက်နှာ ၁၀**

တော်လှန်ရေးအင်အားစုများ၏ ၁၂ ကြိမ်မြောက် မဟာဗျူဟာဆွေးနွေးပွဲပြီးစီး **ကျောဖုံး**

**VOB အာဘော်**

# ပြတ်သားမှုကိုပြသရတော့မည်

ပြည်တွင်းနိုင်ငံရေးအင်အားစုများထဲမှာ ပဓာနအကျဆုံးသောအင်အားစုဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား နအဖစစ်အာဏာရှင်များက နည်းမျိုးစုံဖြင့် နှိပ်ကွပ်ဖြိုခွဲလျက်ရှိသည့်အတွက် ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲအနိုင်ရပါတီကြီးသည် ယခုအခါ အလွန်တရာမှပင် အင်အားချည့်နဲ့နေသည်။ သို့သော် လက်ရှိပါတီခေါင်းဆောင်များသည် မည်မျှပင်ခက်ခဲကျပ်တည်းမှုများနှင့်ကြုံတွေ့နေရစေကာမူ အလျှော့ပေးလက်မြှောက်ခြင်းမရှိပဲ မြန်မာပြည်ဒီမိုကရေစီရေး လူ့အခွင့်အရေးအတွက် ဆက်လက်တိုက်ပွဲဝင်နေဆဲဖြစ်သည်။

ထိပ်တန်းခေါင်းဆောင်များ ဖမ်းဆီးထိန်းသိမ်းခံနေရသည့်တိုင် ကျန်ရှိသည့် သက်ကြီးရွယ်အိုများဖြင့် ပါတီကို ဆက်လက်ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းထိန်းသိမ်းလျက်ရှိသည်။ နိုင်ငံရေးအရ မှန်ကန်သည့်လမ်းကြောင်းပေါ်တွင် ခိုင်မာစွာရပ်တည်နေသော်လည်း နိုင်ငံရေးလှုပ်ရှားမှုအပိုင်းတွင်မူ ပါတီအသက်ရှင်ရုံသာသာမျှ သာလုပ်ကိုင်နိုင်သည့်အနေအထားတွင်ရှိသည်။

ထိုသို့သောအခြေအနေအောက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အောက်ခြေအဆင့်ပါတီဝင်များ လူငယ်များ၏ ရဲရင့်ခိုင်မာသောစိတ်ဓာတ်ဖြင့် ပါတီလှုပ်ရှားမှုများကို ပြန်လည်ရှင်သန်တက်ကြွလာစေရန် ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား နည်းမျိုးစုံဖြင့် တောင်းဆိုတိုက်တွန်းလျက်ရှိသည်။ ထိုအထဲတွင် ပါတီမျက်နှာစုံ ညီအစည်းအဝေးခေါ်ယူကျင်းပပေးရန် တောင်းဆိုချက်သည်လည်းပါဝင်ပေသည်။ ဤသို့သောအောက်ခြေအင်အားစုများ၏တောင်းဆိုချက်နှင့် ပါတီခေါင်းဆောင်များ၏ မိမိတို့ပါတီတွင်းအခြေအနေ ပြည်တွင်းနိုင်ငံရေးအခြေ အနေများအရ လာမည့် ဧပြီ ၂၈ ရက်နှင့် ၂၉ ရက်နေ့များတွင် ပါတီမျက်နှာစုံညီအစည်းအဝေးကျင်းပရန်ခေါ် ယူထားသည်။ လွန်စွာမှပင် သင့်မြတ်သည့်လုပ်ဆောင်ချက်ဖြစ်သည်။ ဖြစ်ပျက်နေသည့်နိုင်ငံရေးအခြေအနေအချိန်အခါအရ မဖြစ်မနေလုပ်ဆောင်ရမည့်လုပ်ရပ်ဖြစ်သည်။

သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပျက်သုန်းရေးကို အစဉ်တစိုက်ပြုလုပ်နေသည့်နအဖစစ်အာဏာရှင်များသည် ထိုအစည်းအဝေးမဖြစ်မြောက်ရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးပမ်းမည်မှာအမှန်ပင်ဖြစ်သည်။ နှောင့်ယှက်မှု၊ ခြိမ်းခြောက်မှု၊ ဟန့်တားမှုများပြုလုပ်မည်မှာ သေချာပေါက်မလွဲပင်ဖြစ်သည်။ ထိုထက်ပိုမိုဆိုးရွားပါက ဖမ်းဆီးမှုများပင်ဖြစ်လာနိုင်သည်။

မည်သို့ပင်ဖြစ်စေကာ ယခုအခြေအနေအချိန်အခါတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် မိမိတို့လုပ်ငန်းစဉ်များဖော်ဆောင်ရေးကိစ္စများကို တုံ့နှေးနေခြင်းမရှိပဲ၊ စဉ်ဆက်မပြတ်ရှေ့ဆက်လုပ်ဆောင်သွားနိုင်ရေးသည်အရေးကြီးလှသည်။ စစ်အာဏာရှင်များဖန်တီးပေးသည့်အခြေအနေအောက်တွင် လှုပ်ရှားမှုများလုပ်နေမည့်အစား၊ မိမိတို့ဘာသာအခြေအနေဖန်တီးပြီး ပြတ်သားသည့်လုပ်ဆောင်ချက်များဖြင့် လူထုကို ဦးဆောင်ရမည့်အနေအထားဖြစ်နေပေသည်။ ပြည်တွင်းပြည်ပနိုင်ငံရေးအင်အားစုများနှင့်တကွ ပြည်သူလူထုသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ဝန်းရံရန် အမြဲအဆင်သင့်ရှိနေပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ရဲရင့်ပြတ်သားသည့် ဦးဆောင်မှုကိုသာ စောင့်မျှော်နေခြင်းသာဖြစ်သည်ဟု ရေးသားလိုက်ရပေသည်။

---

## ၈၈မျိုးဆက်ကျောင်းသားများအဖွဲ့ နအဖသို့ အိတ်ဖွင့်ပေးစာပေးပို့၊ နိုင်ငံရေးအခွင့်အလမ်းကောင်းဆုပ်ကိုင်ရန် တိုက်တွန်း

**RFA ၊ ဧပြီလ ၆ ။ ။** မြန်မာအစိုးရရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ နိုင်ငံတကာပိတ်ဆို့ဒဏ်ခတ်မှုတွေကို ပြန်ပြီးရုတ်သိမ်းသွားစေချင်တယ်ဆိုရင်တော့ မြန်မာစစ်အစိုးရအနေနဲ့ လူ့အခွင့်အရေးကိုလေးစားပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေလုပ်ဆောင်ဘို့လိုတယ်လို့ မြန်မာစစ်အစိုးရကို ဧပြီလ ၆ ရက်ဒီကနေ့မှာရေးသားလိုက်တဲ့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ရဲ့ အိတ်ဖွင့်ပေးစာမှာ ဖော်ပြထားပါတယ်။

၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့အနေနဲ့ ဘာကြောင့်အခုလိုအိတ်ဖွင့်ပေးစာရေးသားရတယ်ဆိုတဲ့အကြောင်းကို ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ရဲ့ ပြောခွင့်ရပုဂ္ဂိုလ် ကိုနေမျိုးက RFA ကို ရှင်းပြပါတယ်။

"ဒီနေ့ပြည်တွင်းမှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအကျပ်အတည်းတွေက အရမ်းဆိုးဝါးနေတယ်၊ အဲဒီမှာ ကျနော်တို့ NLD နဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီက ကြေငြာကျိုးဆီလျော်တဲ့တောင်းဆိုချက် လေးချက်ကိုတောင်းတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ နိုင်ငံရေးအကျဉ်းသားများအားလုံးလွှတ်မြောက်ရေး၊ နောက် လွှတ်တော်ခေါ်ယူရေး၊ တွေ့ဆုံဆွေးနွေးရေးနဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို သုံးသပ်ရေး။

ဒီအချိန်မှာ နအဖ ကနေပြီးတော့ ဒီတောင်းဆိုချက်တွေကို အပြုသဘောနဲ့ မတုန့်ပြန်ဘဲနဲ့မှ သူတို့စစ်ဗိုလ်ချုပ်တစုရဲ့ အကျိုးစီးပွားကိုဘဲကြည့်ပြီးတော့ အကုန်လုံးလက်ဝါးကြီးအုပ်သိမ်းပိုက်ဘို့ကြိုးစားနေတယ်။ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးလှုပ်ရှားမှုမှန်သမျှကိုလည်း မတရားဖိနှိပ်ပြီး မတရားသဖြင့် ထောင်ချနေမယ်ဆိုလို့ရှိရင် တိုင်းပြည်တွင်းမှာဖြစ်ပေါ်လာသမျှ ဆိုးကျိုးတွေအားလုံးက ဒီ နအဖ ရဲ့တာဝန်လုံးလုံးဖြစ်တယ်ဆိုတာ ကျနော်တို့ကပြောချင်တာပါ။"

အချက် ၉ ချက်ပါတဲ့အိတ်ဖွင့်ပေးစာမှာ မြန်မာနိုင်ငံတွင်း လက်ရှိကြုံတွေ့နေရတဲ့ စီးပွားရေးကျပ်တည်းမှုအခြေအနေနဲ့ ပြည်ပတိုင်းပြည်တွေရဲ့ စီးပွားရေးပိတ်ဆို့ပြစ်ဒဏ်ခတ်မှုတွေဟာ မြန်မာစစ်အစိုးရကစွပ်စွဲနေသလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြောင့်မဟုတ်ဘဲ မြန်မာစစ်အစိုးရမှာသာ တာဝန်အရှိဆုံးဖြစ်တာကြောင့် အများတောင်းဆိုနေသလို နိုင်ငံရေးအပြောင်းအလဲတွေ အမြန်လုပ်ဘို့နဲ့တွေ့ဆုံဆွေးနွေးရေးတွေ အမြန်လုပ်ဘို့ကို ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က တိုက်တွန်းလိုက်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကိုနေမျိုးက

"နိုင်ငံတကာကဒဏ်ခတ်တာကိုက နအဖ အစိုးရရဲ့လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ ဒီမိုကရေစီရေး လူ့အခွင့်အရေးလှုပ်ရှားနေတဲ့လူတွေကို အကုန်လုံးကိုမတရားသဖြင့် ဖိနှိပ်တယ်၊ ဖမ်းဆီးထောင်ချတယ်၊ အပြီးတော့ သူတို့ရဲ့အကျိုးစီးပွားတခုတည်းအတွက်ကိုဘဲကြည့်ပြီးတော့ လူနေအိမ်ခြေတွေကိုလည်း မတရားသဖြင့်ရွှေ့ပြောင်းပြီးဖျက်သိမ်းခိုင်းတာတွေ၊ လက်ရှိတိုင်းပြည်ထဲမှာ ဘာတွေကြုံနေရသလဲဆိုတာကျတော့ တရားမဝင်လူကုန်ကူးမှုတွေ၊ ရွှေ့ပြောင်းလုပ်သားတွေ၊ အဆမတန်များပြားလာမှုတွေ၊ အဲဒါတွေကအရမ်းများနေတယ်။

အဲဒီတော့ နအဖ အနေနဲ့ ဒါတွေကိုပြုပြင်ပြောင်းလဲနိုင်ဘို့အတွက် လောလောဆယ် ကျနော်တို့အရင်အရေးအကြီးဆုံးလုပ်ရမှာကတော့ နိုင်ငံတကာကလည်းတောင်းထားတဲ့ NLD နဲ့ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကတောင်းထားတဲ့အချက်တွေကို အပြုသဘောဆောင်တဲ့တုန့်ပြန်မှုတွေနဲ့ တုန့်ပြန်ပေးစေချင်တာပါ။ မြန်မာနိုင်ငံမှာလက်ရှိရင်ဆိုင်နေရတဲ့ စီးပွားရေးအကျပ်ပြဿနာဟာ နိုင်ငံတကာရဲ့ပိတ်ဆို့ဒဏ်ခတ်မှုဆိုတာထက် မြန်မာစစ်အစိုးရရဲ့စီမံခန့်ခွဲရေး ညံ့ဖျင်းမှုကြောင့်သာလျှင် ပြည်သူတွေဆင်းရဲနေရတာဖြစ်ကြောင်း။" ကို ၈၈ မျိုးဆက်

**စာမျက်နှာ ၁၂ သို့**

# အဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်စုံညီ ပါတီတွင်းအစည်းအဝေးခေါ်မည်

**DVB ၊ ဧပြီလ ၁၁ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လွှတ်တော်ကိုယ်စားလှယ်တွေအစုံအညီတက်ရောက်နိုင်မယ့် ပါတီတွင်းအစည်းအဝေး တခုခေါ်ဖို့ ပြင်ဆင်ထားကြောင်းသိရပါတယ်။

ဒီလ ၂၈၊ ၂၉ မှာ ကျင်းပမယ့်ဒီအစည်းအဝေးအတွက် ပြည်နယ်နဲ့တိုင်း အသီးသီးရှိလွှတ်တော်ကိုယ်စားလှယ်တွေ၊ ပြည်နယ် နဲ့ တိုင်း စည်းရုံးရေးအဖွဲ့ဝင်တွေဆီ ဒီသီတင်းပတ်အတွင်း ဖိတ်စာပို့ထားတယ်လို့ အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောပါတယ်။

"ပြည်နယ် တိုင်းစည်းရယ် ဗဟိုက အဖွဲ့အစည်း ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့တွေရယ်၊ နောက် အမ်ပီ တွေရယ်၊ ပုံမှန်ဆိုတော့ ဒါမျိုး မနှစ်ကလည်း လုပ်ပါတယ်။ လုပ်နေတာ ၄ ၊ ၅ နှစ် ရှိနေပါပြီ။

ပါတီတွင်းကိစ္စဖြစ်လို့ ဥပဒေကြောင်းအရ သက်ဆိုင်ရာဆီခွင့်တောင်းစရာမလိုပေမဲ့ နယ်မြို့တွေကိုသွားတဲ့ ပါတီလူငယ်စည်းရုံးရေးမှူးတွေကို အာဏာပိုင်တွေက တားဆီးနှောင့်ယှက်တာ၊ အထူးသဖြင့် ရခိုင်ပြည်နယ်မှာဆိုရင် အာဏာပိုင်တွေက တားဆီးတဲ့အတွက် ဘာမှမလုပ်နိုင်ပဲ ပြန်လာခဲ့ရတယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

"မန္တလေးမှာ အတားမခံရဘူး၊ အင်နဲ့ အားနဲ့ စောင့်ကြည့်တာခံရတယ်၊ တောင်ကုတ်မှာ အတားခံရတယ်၊ သက်ဆိုင်ရာမဝတက ဒီကဆင်းသွားတဲ့လူငယ်လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့ကို ကန့်သတ်မှုတွေလုပ်တာပေါ့၊ ဥက္ကဋ္ဌနဲ့တွေ့မယ်ဆိုရင်လည်း ဥက္ကဋ္ဌပဲ၊ ဒီဖွဲ့စည်းရေးလုပ်လို့မရအောင် ကန့်သတ်တဲ့သဘောပဲ၊ တောင်ကုတ်မှာတော့ မလုပ်ခဲ့ရဘူး၊ မန္တလေးမှာတော့ ဖွဲ့ဖြစ်တယ်"

လူငယ်လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့ဆိုတာ သက်ဆိုင်ရာမြို့နယ် အဲန်အဲလ်ဒီစည်းရုံးရေးအဖွဲ့ထဲက လူငယ်အဖွဲ့ကို ဆိုလိုတာပါ။

အဲန်အဲလ်ဒီဖွဲ့စည်းပုံထဲမှာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ ဗဟိုစည်းရုံးရေးကော်မတီ၊ ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့၊ ဗဟိုလူငယ်လုပ်ငန်းအဖွဲ့ စတဲ့ဌာနတွေခွဲထားသလို ပြည်နယ် တိုင်း မြို့နယ်နဲ့ ကျေးရွာတွေမှာလည်း အလားတူဌာနတွေရှိတဲ့အတွက် ဒါတွေကိုပြန်လည်ဖွဲ့စည်းနိုင်ဖို့အတွက် လူငယ်တွေစည်းရုံးရေးဆင်းနေတာဖြစ်ပါတယ်။

၂၀၀၃ မေလ ဒီပဲယင်းအရေးအခင်းမဖြစ်မီအထိ ကယားပြည်နယ်ကလွဲရင် ကျန် ပြည်နယ် တိုင်း ၁၃ ခုစလုံးမှာ အဲန်အဲလ်ဒီပါတီရုံးခန်းတွေ ဌာနခွဲတွေအတော်များများဟာ ပုံမှန်လည်ပတ်နေပြီဖြစ်ပေမဲ့လည်း ဒီပဲယင်းအရေးအခင်းနောက်ပိုင်းမှာ ပါတီရုံးခန်းအားလုံးကို စစ်အစိုးရက ပိတ်ပင်ပစ်ပြီး ရန်ကုန်ဌာနချုပ်တခုတည်းကိုသာ ခွင့်ပြုထားခဲ့ပါတယ်။

၂၀၁၀ ရွေးကောက်ပွဲနီးလာချိန်မှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း၊ တစည၊ ပါတီ၊ ၈၈ စင်ပြိုင်အဖွဲ့၊ အဲန်အဲလ်ဒီဝံသာနုအဖွဲ့တွေကို ရုံးခန်းဖွင့် စည်းရုံးလုပ်ဆောင်ခွင့်တွေကို ပေးလာတာကြောင့် အဲန်အဲလ်ဒီရဲ့ပိတ်ထားတဲ့ ပါတီရုံးခန်းတွေ ပြန်ဖွင့်ခွင့်ရမလားဆိုပြီး တချို့တွေက မျှော်လင့်နေပါတယ်။

---

## အတားအဆီးတွေကြား အဲန်အဲလ်ဒီလက်မှတ် ဆက်စုဆောင်း

**VOA ၊ ဧပြီ ၁၀ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကပြုလုပ်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည် ဦးတင်ဦးနှင့်တကွ နိုင်ငံရေးအကျဉ်းသားတွေလွှတ်မြောက်ရေး လက်မှတ်ရေးထိုးလှုပ်ရှားမှုကို ရန်ကုန်တိုင်း တွံတေးမြို့နယ်ထဲက ကျေးရွာတွေမှာပြုလုပ်ခဲ့ရာမှာ အာဏာပိုင်တွေက လိုက်လံတားဆီးပိတ်ပင်တာ အနှောင့်အယှက်ပေးတာတွေ လုပ်နေပေမဲ့ အခုအခါမှာတော့ လက်မှတ်ရေးထိုးတဲ့ လူဦးရေ လေးသောင်းကျော်ရှိသွားခဲ့ပါပြီ။

လက်မှတ်ရေးထိုးလှုပ်ရှားမှုကိုပြုလုပ်တဲ့အခါမှာ အနှောင့်အယှက်ပေးမှုတွေအပြင် လက်မှတ်ရေးထိုးခဲ့တဲ့ပြည်သူတွေကို ခြိမ်းခြောက်တာတွေကျေးရွာအာဏာပိုင်တွေက ပြုလုပ်ခဲ့တဲ့အကြောင်း တွံတေးမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လူငယ်တာဝန်ခံ ကိုရဲထွဋ်ခေါင်က အခုလိုပြောပြပါတယ်။

"လူငယ်တွေကို ကျေးရွာတွေမှာ လိုက်လံနှောင့်ယှက်တာတွေရှိတယ်၊ သူတို့တည်းတဲ့အိမ်တွေကို ဧည့်စာရင်းမပေးဘူး၊ နောက်ပြီးတော့ လူငယ်တွေက ဘုန်းကြီးကျောင်းမှာသွားတည်းပြီးတော့ တည်းခိုရတဲ့အဆင့်ရှိတယ်၊ နောက် သူတို့ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးအသင်းတွေက စောင့်ကြည့်တာတွေရှိတယ်၊ လိုက်လံပြီးတော့ စောင့်ကြပ်တာတွေရှိတယ်ပေါ့၊ ကျနော်တို့လက်မှတ်ရေးထိုးနေတဲ့အချိန်တော့ ဘာမှမပြောဘူးပေါ့၊ လက်မှတ်ရေးထိုးပြီးလို့ အဲဒီအိမ်ထဲကနေ ထွက်သွားပြီဆိုရင် အဲဒီအိမ်ကိုဝင်ပြီးတော့ သူတို့ကပြောတယ်၊ လက်မှတ်မထိုးရဘူး၊ ဒါဟာ တရားမဝင်ဘူး၊ လက်မှတ်ရေးထိုးပေးရင် ခင်ဗျားတို့ကို ဖမ်းမယ်၊ အခုတောင် ခင်ဗျားတို့ကို တရားစွဲလို့ရတယ်လို့ ပြောတယ်၊ နောက်ပြီးတော့ လက်မှတ်သွားထိုးမယ့်နေရာလမ်းကြောင်းတွေမှာ သူတို့က ပိတ်ဆို့ထားတယ်၊ တချို့ ရယကတွေဆိုရင် လမ်းထဲကို ဝင်ခွင့်မပေးဘူး၊ ဌာနဆိုင်ရာခွင့်ပြုချက်မရှိဘူး၊ အဲန်အဲလ်ဒီပါတီဝင်တွေ ဝင်ခွင့်မရှိဘူးဆိုပြီးတော့ ပိတ်ဆို့တာ တားမြစ်တာရှိတယ်"

အခုအခါမှာတော့ လက်မှတ်ရေးထိုးတောင်းဆိုသူပေါင်း လေးသောင်းကျော်ရသွားပြီဖြစ်ကြောင်းကိုလည်း ဆက်ပြောပါတယ်။

"အခုဆိုရင် အားလုံးစုစုပေါင်း လက်မှတ်ပေါင်း လေးသောင်းကျော်ရတယ်၊ ဘယ်အထိ ဆက်လုပ်မလဲဆိုရင် ဖြ လပိုင်းကုန်တဲ့အထိ ဆက်လုပ်မယ်"

အခုလိုမျိုး လက်မှတ်ရေးထိုးမှုတွေလုပ်ခဲ့တဲ့ တွံတေးမြို့ပေါ်က မိဘမေတ္တာငါးဒိုင်က ပိုင်ရှင်တဦးကိုတော့ ဧည့်စာရင်းမှုနဲ့ တရားစွဲပြီး ထောင် တပတ်ချတာတွေလုပ်ခဲ့ပါတယ်။ သူ့အိမ်အနီးတဝိုက်မှာဆိုရင် ရဲတွေက မကြာခဏဆိုသလို စောင့်ကြည့်မှုတွေလုပ်နေပြီး ပတ်ဝန်းကျင်ကလူတွေသူနဲ့မပတ်သက်ရဲအောင် လုပ်နေတယ်လို့ ဆိုပါတယ်။

---

## အထိန်းသိမ်းခံ အလုပ်သမားသမဂ္ဂဝင်များနှင့် မိသားစုများ ပြန်လွှတ်

**RFA ၊ ဧပြီ ၁၁ ။** ။ ပြီးခဲ့တဲ့ဧပြီ ၁ ရက်နဲ့ ၂ ရက်နေ့တွေက အာဏာပိုင်တွေ ဖမ်းဆီးသွားတဲ့ မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂအဖွဲ့ချုပ်ဝင်တွေကို ဧပြီလ ၁၀ ရက်နေ့က ပြန်လွှတ်ပေးလိုက်ပြီလို့ သိရပါတယ်။

အဖမ်းခံရတဲ့သူတွေကတော့ ပုဂ္ဂလိကစက်ရုံဝန်ထမ်းတွေဖြစ်တဲ့ ဦးဇော်မြင့်အောင်၊ ဦးစိုးဦး၊ ကိုထွန်းငြိမ်း၊ မခိုင်လင်းမြတ်နဲ့ မရွှေရည်ညွှန့်တို့ဖြစ်ပါတယ်။ သူတို့နဲ့အတူ မရွှေရည်ညွှန့်ရဲ့မိသားစုဝင် ၃ ဦးလည်း အဖမ်းခံခဲ့ရတာပါ။

အခုလိုဖမ်းဆီးအစစ်ဆေးခံရတဲ့သူတွေကို အာဏာပိုင်တွေက ပြန်လွှတ်ပေးခဲ့တာနဲ့ပတ်သက်ပြီး ထိုင်းအခြေစိုက် FTUB ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင်က အခုလိုပြောပါတယ်။

"အထိန်းသိမ်းခံရတဲ့သူတွေကို ပြန်လွှတ်ပေးဖို့ နိုင်ငံတကာအလုပ်သမားသမဂ္ဂတို့ ILO တို့ကို အသိပေးပြီးတော့ ကျနော်တို့ကြိုးစားတာပါ၊ ကျနော်တို့လုပ်ထုံးလုပ်နည်းမှန်တဲ့အတွက်ကြောင့် နအဖအနေနဲ့ပြန်စိစစ်ပြီးတော့ ကျနော်တို့ရဲ့အဖွဲ့ဝင်တွေက ဥပဒေမဲ့လုပ်ငန်းတွေမလုပ်ဘူး၊ ရာဇဝတ်မှုကျူးလွန်ခြင်းမရှိဘူး၊ သာမန်အလုပ်သမားသမဂ္ဂအဖွဲ့ဝင်တွေ လုပ်လေ့လုပ်ထရှိတဲ့ အလုပ်တွေသာလုပ်တယ်ဆိုတာကို တွေ့ရှိတဲ့အတွက် ပြန်လွှတ်ပေးတယ်လို့ ယူဆပါတယ်"

ဖမ်းသွားသူတွေရဲ့မိသားစုဝင်တွေကို ပြန်လွှတ်ပေးလိုက်ပေမဲ့ မရွှေရည်ညွှန့်ရဲ့တူမဖြစ်သူ မရီမွန်ကိုတော့ အခုချိန်ထိ ပြန်မလွှတ်ပေးသေးပါဘူး။ ဘာကြောင့်လည်းဆိုတာတော့ မိသားစုဝင်တွေကိုယ်တိုင်မသိရသေးပါဘူး။

# "မြန်မာနဲ့ မူးယစ်ဆေးပြဿနာ"

**ဦးအောင်ခင်**

**မျက်မှောက်ရေးရာသုံးသပ်ချက်**

မြန်မာနိုင်ငံကထုတ်လုပ်တဲ့မူးယစ်ဆေးဒဏ်ကို အိမ်နီးချင်းနိုင်ငံတွေ ခံနေရတာကြာပါပြီ။ ဒီအထဲမှာ ထိုင်းနိုင်ငံဟာ အခံရဆုံးဖြစ်ပုံရပါတယ်။ ထိုင်းနိုင်ငံမှာ ဆေးစွဲသူဦးရေတိုးပွားလာတဲ့နှုန်းဟာ စိုးရိမ်စရာဖြစ်လာတဲ့အတွက် မူးယစ်ဆေးတိုက်ဖျက်ရေး ၆ လစီမံကိန်းကို ဧပြီလ ၁ ရက်နေ့ကစပြီးစတင်အကောင်အထည်ဖော်နေပါတယ်။ ထိုင်းနိုင်ငံမှာစားသုံးနေတဲ့ မူးယစ်ဆေးအားလုံးလိုလိုဟာ နိုင်ငံခြားကလာတာပါ။ မြန်မာပြည်ကလာတဲ့မူးယစ်ဆေးက အများဆုံးဖြစ်ပါတယ်။ မြန်မာလာအိုနဲ့ ထိုင်းဟာ နယ်စပ်ချင်းဆက်နေတာမို့ နယ်စပ်တလျှောက်လုံးပိတ်ထားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ထိုင်းအစိုးရတွေချမှတ်ခဲ့တဲ့ မူးယစ်ဆေးစီမံကိန်းတွေဟာ ရေရှည်မှာ ထိရောက်အောင်မြင်မှုမရှိတာများပါတယ်။

အမေရိကန်မူးယစ်ဆေးဌာနဟာ ထိုင်းအစိုးရနဲ့ပူးတွဲပြီး မူးယစ်ဆေးတိုက်ဖျက်ရေးလုပ်နေပါတယ်။ လွန်ခဲ့တဲ့မတ်လက ထိုင်း အမေရိကန်ပူးတွဲထောက်လှမ်းရေးလုပ်ငန်းကြောင့် ကွယ်လွန်သူခွန်ဆာရဲ့လုပ်ဖော်ကိုင်ဘက်ဟောင်း ဘိန်းမှောင်ခို သုံးဦးကို ဘတ်ငွေသန်း ၁၀၀ ကျော်နဲ့အတူဖမ်းနိုင်ခဲ့ပါတယ်။

လွန်ခဲ့တဲ့နှစ်က ဘိန်းဖြူ ကီလို ၇၅၀ နဲ့ စိတ်ကြွဆေးအများအပြားရောင်းချခဲ့တယ်လို့ သူတို့က ဝန်ခံပါတယ်။ ဝ သွေးစည်းညီညွတ်ရေးအဖွဲ့ကြီးစိုးရာနေရာမှာ မူးယစ်ဆေးအကြီးအကျယ်ထုတ်လုပ်ရာနေတာကို ဗမာစစ်အစိုးရက ပိတ်ပင်တားမြစ်တာမျိုးမလုပ်နိုင်တဲ့အတွက် ထိုင်းနိုင်ငံထဲ မူးယစ်ဆေးတွေ လှိမ့်ဝင်လာတာလို့ ယူဆကြပါတယ်။ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မြန်မာပြည်သွားတုန်းက ဝ တပ်ဖွဲ့နဲ့ မူးယစ်ဆေးပြဿနာကို တင်ပြဖို့ကြိုးစားခဲ့ပေမဲ့ ဆွေးနွေးခွင့်မရခဲ့ပါဘူး။

မြန်မာပြည်မှာဘိန်းအထွက်နှုန်းကျဆင်းသွားရာက ပြန်လည်တိုးပွားလာပုံနဲ့ အမ်ဖက်တမင်းခေါ် စိတ်ကြွဆေးထုတ်လုပ်မှုများပြားလာပုံကို လွန်ခဲ့တဲ့ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ထုတ် အမေရိကန်မူးယစ်ဆေးတိုက်ဖျက်ရေးအစီရင်ခံစာမှာဖော်ပြထားပါတယ်။ ကမ္ဘာ့မူးယစ်ဆေး အခြေအနေကို ဖော်ပြတဲ့အစီရင်ခံစာဖြစ်ပြီး မြန်မာ့အခြေအနေကို ၈ မျက်နှာ ရေးထားပါတယ်။ စိတ်ကြွဆေးထုတ်လုပ်တဲ့နေရာမှာ မြန်မာဟာ အဓိကအခန်းက ပါဝင်ပါတယ်တဲ့။ ထိုင်း တရုတ်နဲ့ အိန္ဒိယက မူးယစ်ဆေး ဈေးကွက်အတွက် ထိုင်း–မြန်မာနဲ့ တရုတ်–မြန်မာနယ်စပ်တွေမှာ စိတ်ကြွဆေးပြားတွေ သန်းနဲ့ချီပြီးထုတ်လုပ်ပါတယ်။ ဗမာစစ်အစိုးရဟာ အမေရိကန်မူးယစ်ဆေးဌာနနဲ့ သတင်းဖလှယ်လေ့ရှိပြီး ထိုင်း–တရုတ် နဲ့ အိန္ဒိယအာဏာပိုင်တွေနဲ့လည်း လက်တွဲလုပ်ကိုင်တယ်လို့ အမေရိကန်အစီရင်ခံစာမှာ ဖော်ပြပါတယ်။

ဒါပေမဲ့ ဗမာစစ်တပ်ကလည်း မူးယစ်ဆေးလုပ်ငန်းနဲ့ ရောထွေးယှက်တင်ဖြစ်နေတဲ့အတွက် မြန်မာပြည်မှာမူးယစ်ဆေးတိုက်ဖျက်ရေးလုပ်လို့မရတာလို့ ဆိုပါတယ်။ မူးယစ်ဆေးကြောင့်ချမ်းသာလာတဲ့စစ်ဗိုလ်တွေကို စစ်ဆေးအပြစ်ပေးတာမျိုးလည်းမလုပ်ပါဘူး။ မူးယစ်ဆေးစားသုံးတာ နည်းလာအောင်စည်းရုံးတဲ့စီမံကိန်းမျိုးလည်း မရှိဘူးလို့ အမေရိကန်အစီရင်ခံစာမှာဖော်ပြပါတယ်။

မြန်မာ့ရေးရာဝါရင့်သုတေသီသတင်းသမား Bertil Litner နဲ့ Jane's Intelligence Review စာစောင်က ပင်တိုင်စာရေးဆရာ Michael Black တို့ကလည်း မြန်မာပြည်မှာစိတ်ကြွဆေးထုတ်လုပ်မှုများပြားလာပုံကို လွန်ခဲ့တဲ့ ဇန်နဝါရီလက စာအုပ်ထုတ်ဝေလိုက်ပါတယ်။ "အရူးဆေးကုန်သည်များ" Merchants of Madness ဆိုတဲ့ စာအုပ်ပါပဲ။

ဘိန်းဖြူထုတ်လုပ်ဖို့အတွက် ဘိန်းစိုက်ပျိုးရာမှာ နေရာနဲ့လူအင်အား လိုအပ်ပါတယ်။ အချိန်လည်း လိုအပ်ပါတယ်။ ဒါပေမဲ့ စိတ်ကြွဆေးထုတ်လုပ်ရာမှာတော့ လိုအပ်တဲ့ဓာတုပစ္စည်းကို အလွယ်တကူရရှိပြီး ဈေးကွက်နဲ့နီးရာအရပ်မှာ ထုတ်လုပ်နိုင်ပါတယ်။ လူအင်အားမလိုပါဘူး။ အမြတ်အစွန်းလည်း အများကြီးရပါတယ်။ ဒါကြောင့် လူဆိုးဂိုဏ်းတွေဟာ စိတ်ကြွဆေးကို ပိုပြီးစိတ်ဝင်စားပါတယ်တဲ့။ ဗမာစစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲပြီး အပေါ်ယံမဟာမိတ်လုပ်ထားတဲ့ ဝ နဲ့ ကိုးကန့်အဖွဲ့တွေကလည်း စိတ်ကြွဆေးကိုပဲ အဓိကထားထုတ်လုပ်ကြပါတယ်။

စိတ်ကြွဆေးထုတ်လုပ်ရာမှာလိုအပ်တဲ့ ပစ္စည်းပစ္စယတွေကိုတော့ တရုတ် အိန္ဒိယ နဲ့ ထိုင်းနိုင်ငံတွေက ရရှိတယ်လို့ စာအုပ်မှာဖော်ပြပါတယ်။ တရုတ်နဲ့ ထိုင်းကို အများဆုံးတင်ပို့ပြီး အခုတော့ အိန္ဒိယနဲ့ ဗီယက်နမ်ကိုလည်း တဖြည်းဖြည်းစမ်းပြီး တင်ပို့တယ်လို့ ဆိုပါတယ်။ ထိုင်းနိုင်ငံမှာ စိတ်ကြွဆေးသုံးစွဲမှုတိုးတက်လာတယ်လို့ ကုလသမဂ္ဂအရာထမ်းက ဆိုပါတယ်။ စားသုံးသူအရွယ်အစားအမျိုးမျိုးကိုရည်ရွယ်ပြီး စိတ်ကြွဆေးအမည်ပေါင်း ၁၀၀ ကျော် မြန်မာပြည်ကထုတ်လုပ်ရောင်းချနေတာကြောင့် ထိုင်းနိုင်ငံမှာ ဝယ်အားကောင်းနေတာလို့ သုံးသပ်ပါတယ်။ ရာဘ တင်မကပဲ ရာအေး ခေါ် အက်စ်တာစီ Ecstasy ပါ ခေတ်စားနေပြီလို့ ထိုင်းမူးယစ်ဆေးဌာနက ဆိုပါတယ်။

ဘိန်းခင်းကို ကောင်းကင်က ဂြိုဟ်တုနဲ့ဓာတ်ပုံရိုက်ယူပြီးစစ်ဆေးလို့ရပေမဲ့ စိတ်ကြွဆေးထုတ်လုပ်တဲ့အလုပ်ရုံတွေကိုတော့ မတွေ့နိုင်ပါဘူး။ မူးယစ်ဆေးကရတဲ့အမြတ်အစွန်းတွေနဲ့ ဟိုတယ်တွေဆောက် လမ်းတွေဖောက်လုပ်ကြတဲ့အတွက် မူးယစ်ဆေးအခြေခံတဲ့ တိုးတက်ဖွံ့ဖြိုးရေးလို့ ခေါ်ရမလိုဖြစ်နေပါတယ်။ မူးယစ်ဆေးအများဆုံးထုတ်လုပ်ရာ အထူးဒေသအမှတ် ၂ မှာ မူးယစ်ဆေးတိုက်ဖျက်ရေး အခမ်းအနားတွေ အများဆုံးကျင်းပလေ့ရှိပါတယ်။ ဒါကြောင့် မူးယစ်ဆေးတိုက်ဖျက်ရေးမှာ ကူညီနေတဲ့နိုင်ငံခြားအဖွဲ့အစည်းတွေဟာ မူးယစ်ဆေးထုတ်လုပ်သူတွေနဲ့ လက်တွဲနေရပါတယ်။ ဒီလိုမှမလုပ်ရင် ဝ အထူးဒေသကို ဝင်လို့တောင်ရမှာမဟုတ်ပါဘူး။

တရုတ်အစိုးရကျေနပ်အောင် ဝ နယ်မြေကို ဘိန်းမဲ့ဒေသအဖြစ် ၂၀၀၅ ခုနှစ်ကစပြီး သတ်မှတ်လိုက်ရပေမဲ့ ဘိန်းစိုက်ပျိုးမှုကတော့ ရှိနေတုန်းပါပဲ။ KIO ကချင်အဖွဲ့ NDKA ကချင်ဒီမိုကရေစီအဖွဲ့ နဲ့ ဗမာစစ်တပ်ကြီးစိုးရာနယ်မြေမှာ သက်ဆိုင်ရာအာဏာပိုင်တွေကို လာဘ်ထိုးပြီး ဘိန်းစိုက်ပျိုးကြတယ်လို့ သိရပါတယ်။ တရုတ်လုပ်ငန်းရှင်တွေက ငွေရင်းစိုက်ပြီး တရုတ်ဓာတ်မြေဩဇာသုံးကာ စိုက်ပျိုးတာကြောင့် ဘိန်းအထွက်တိုးတယ်လို့ သိရပါတယ်။ တဧကမှာ ဘိန်းစိမ်း ၇ ပိဿာက ၁၅ ပိဿာအထိ ထွက်ပါတယ်။ ထွက်သမျှဘိန်းကို ဘိန်းဖြူချက်ပြီး တရုတ်ပြည်ကိုပို့ပါတယ်။ ရှမ်းပြည်တောင်ပိုင်းမှာလည်း ဘိန်းစိုက်ပျိုးမှုတိုးပွားလာပါတယ်။ ဘိန်းအစားထိုးစိုက်ပျိုးစရာသီးနှံထုတ်လုပ်ရေးမှာ အောင်မြင်မှုမရသေးခင်မှာ ဘိန်းဈေးတက်လာတာမို့ စိုက်ပျိုးသူတွေ များလာတာလို့ သိရပါတယ်။

ဟူးကောင်းတောင်ကြားဒေသမှာ လယ်သမားတွေဟာ သီးနှံမစိုက်တော့ပဲ ဘိန်းစိုက်ပျိုးနေတယ်လို့ သိရပါတယ်။ ဘိန်းစိုက်ပျိုးတဲ့မြေကေပေါင်း တသိန်းလောက်ရှိမယ်လို့ ခန့်မှန်းကြပါတယ်။ ဒေသခံဗမာစစ်တပ်နဲ့ ကေအိုင်အိုကချင်အဖွဲ့ကို ဆက်ကြေးပေးပြီး ဘိန်းစိုက်ကြတာပါပဲ။ တဧကကို ဘိန်း ၃ ပိဿာ ၄ ပိဿာလောက်သာထွက်ပေမဲ့ စပါးထက် ဆယ်ဆ ပိုပြီးဈေးရတဲ့အတွက်ဘိန်းစိုက်ပျိုးတာဟာ ပိုပြီးတွက်ခြေကိုက်သလိုဖြစ်နေပါတယ်။ ရွှေတွင်း ကျောက်စိမ်းတွင်း သတ္တုတွင်းနဲ့ သစ်လုပ်ငန်းမှာအလုပ်လုပ်သူတွေဟာ ဟူးကောင်းတောင်ကြားက ဘိန်းနဲ့ ဘိန်းဖြူကို စားသုံးကြောင်း သိရပါတယ်။ ဒါကြောင့် ဟူးကောင်းဘိန်းဟာ ပြည်တွင်းဈေးကွက်အတွက်သာဖြစ်ပြီး ပြည်ပကိုမတင်ပို့တာ ထူးခြားတယ်လို့ ပြောရပါလိမ့်မယ်။

# မြန်မာနိုင်ငံစေလွှတ်မည့်အထူးကိုယ်စားလှယ်အဖွဲ့ ဖွဲ့ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးထံတောင်းဆို

**Mizzima ၊ ဧပြီ ၉ ။** ။ အမေရိကန်ကွန်ဂရက်အမတ် ၁၇ ဦးက စစ်အစိုးရ အုပ်ချုပ်ရာ မြန်မာနိုင်ငံသို့ စေလွှတ်မည့် အထူးကိုယ်စားလှယ်အဖွဲ့ ခန့်အပ်ဖွဲ့စည်း ရန်အတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟယ်လာရီကလင်တန်ထံ စာရေး တောင်းဆိုခဲ့ပါတယ်။

"ကွန်ဂရက်အဖွဲ့ဝင် ၁၇ ယောက်က လက်မှတ်ရေးထိုးပေးပို့တဲ့ စာတ စောင်ကို ကျနော်တို့ဌာနက မကြာသေးခင်ကဘဲ လက်ခံရရှိခဲ့ပါတယ်" ဟု နိုင်ငံခြား ရေးဌာနမှ ယာယီပြောခွင့်ရပုဂ္ဂိုလ် ရောဘင်ဝုဒ်ကပြောပါတယ်။ ပေးပို့စာသည် ဟယ်လာရီကလင်တန်သို့ လိပ်မူထားပြီး မြန်မာပြည်ဆိုင်ရာအထူးကိုယ်စားလှယ် အဖွဲ့တခုခန့်အပ်ရန် တိုက်တွန်းထားပါတယ်။

အမေရိကန်သည် မြန်မာပြည်ဆိုင်ရာမူဝါဒကို ပြန်လည်သုံးသပ်နေ ကြောင်း အစောပိုင်းတုန်းက မစ္စကလင်တန်က ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ အမေ ရိ ကန်စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ရေးမူဝါဒသည် မြန်မာစစ်အစိုးရ၏ အမူအကျင့် ကို အပြောင်းအလဲမဖြစ်စေခဲ့ကြောင်း ဝန်ခံခဲ့သလို အိမ်နီးနားချင်းနိုင်ငံများ၏ အပြုသဘောဆက်ဆံရေးမူဝါဒသည်လည်း တစုံတရာအကျိုးဖြစ်ထွန်းမှုမရှိ ကြောင်း ထည့်သွင်းပြောဆိုခဲ့ပါတယ်။

"သူ(မစ္စကလင်တန်) ဟာ ရုတ်တရက်မှာအရေးကြီးတဲ့ကိစ္စရပ်တွေကို ကွန်ဂယက်အဖွဲ့ဝင်တွေဆီကနေ ကြားနာရဘို့အမြဲတမ်းစိတ်ဝင်တစား ရှိပါတယ်။ မြန်မာပြည်အရေးဆိုရင် သူတကယ်ဘဲ နက်နက်ကရှိုင်းရှိုင်းနဲ့အလွန်ဘဲ အရေး ထားတဲ့ အကြောင်းအရာတခုပါ" ဟု ဝုဒ်က ဝါရှင်တန်ရှိ တနေ့တာသတင်းစာ ရှင်းလင်းပွဲအတွင်း သတင်းထောက်များကိုပြောဆိုခဲ့ပါတယ်။ သူက မြန်မာပြည် မူဝါဒကို ပြန်လည်သုံးသပ်မည်ဟု အစောပိုင်းတွင် ပြောကြားခဲ့သော်လည်းမည်သည့် အချိန်မှာပြီးစီးမည်ဟူသည့် အချိန်ဇယားကိုမူ လူထုထံ ချပြနိုင်ခြင်းမရှိသေးပါ။

**VOA ၊ ဧပြီ ၄ ။** ။ မြန်မာစစ်အစိုးရအပေါ် ဝါဒသဘောထား ပြန်လည် သုံးသပ်တဲ့နေရာမှာ ရိုရင်းစွဲဒဏ်ခတ်အရေးယူထားမှုကို ထည့်သွင်းစဉ်းစားပါလို့ အမေရိကန်ကွန်ဂရက်အမတ် ၁၇ ယောက်က နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်ကို စာရေးတိုက်တွန်းလိုက်ပါတယ်။

မြန်မာစစ်အစိုးရအပေါ် အမေရိကန်ကချမှတ်ထားတဲ့ စီးပွားရေးအရ ဒဏ်ခတ်မှုရုပ်သိမ်းဖို့စဉ်းစားနေတယ်ဆိုတဲ့သတင်းများထွက်ပေါ်နေတဲ့အတွက် စိုးရိမ်ပူပန်ကြောင်း အဆိုပါစာထဲမှာ ဖော်ပြထားပါတယ်။

အမေရိကန်ဥပဒေအရ ဒဏ်ခတ်အရေးယူထားမှုရုပ်သိမ်းဖို့ဆိုရင် မြန်မာ စစ်အစိုးရဘက်က လိုက်နာမှုတွေရှိဖို့လိုအပ်ပါတယ်။ အဲဒီအထဲမှာ မြန်မာပြည် က နိုင်ငံရေးအကျဉ်းသားအားလုံး၊ နေအိမ်အကျယ်ချုပ်ခံနေရတဲ့ဒီမိုကရေစီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အပါအဝင် လွှတ်ပေးရမယ်၊ အရပ်သားများ အပေါ် တိုက်ခိုက်မှုတွေရပ်ရမယ်၊ အတိုက်အခံအင်အားစုများ၊ တိုင်းရင်းသား အဖွဲ့ အစည်းများနဲ့ စကားဆိုပွဲလုပ်ရမယ်လို့ မစ္စက်ကလင်တန်ထံပေးတဲ့စာထဲမှာ သတိပေးထောက်ပြထားပါတယ်။

ဒဏ်ခတ်အရေးယူမှုဟာ စစ်အစိုးရအပေါ် သက်ရောက်မှုမရှိသလို စစ် ခေါင်းဆောင်တွေကိုလည်း သြဇာသက်ရောက်မှုမရှိလို့ ဝါဒပြုပြင်ရမယ်ဆိုပြီး နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြန်လည်သုံးသပ်နိုင်းထားတာဖြစ် ပါတယ်။

မြန်မာပြည်သူများအတွက် အထောက်အကူပြုရေး၊ စစ်အစိုးရအပေါ် သြဇာရှိရေးအတွက် ရည်စူးနည်းလမ်းရှာကာ အရှေ့တောင်အာရှရေးရာညွှန် ကြားရေးမှူး စတီဖင်ဘလိတ်ခ် အား မြန်မာပြည်သို့စေလွှတ်ကာ စစ်အစိုးရနိုင်ငံ ခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနဲ့ တွေ့ဆုံစေခဲ့ပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်အယူခံလွှာထပ်မံတောင်းဆိုမည်

**Irrawaddy ၊ ဧပြီ ၉ ။** ။ စစ်အစိုးရက နေအိမ်အကျယ်ချုပ်ချထား သော ဒေါ်အောင်ဆန်းစုကြည်၏ အယူခံလွှာတင်ထားခြင်းနှင့်ပတ်သက်ပြီး ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ ထပ်မံတောင်းဆိုမည်ဟု ရှေ့နေကြီးဦးကြည်ဝင်းက ပြောပါသည်။

အဆိုပါအယူခံလွှာနှင့်ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်အား တွေ့ဆုံ ခွင့်ရရန်တောင်းဆိုသည့်စာတစောင်ကို ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ မနက်ဖြန်တွင် ပေးပို့တောင်းဆိုမည်ဖြစ်ကြောင်း ဦးကြည်ဝင်းကပြောပါသည်။ "ဟိုတုန်းကလည်း ကျနော်တို့တောင်းဆိုတာက ၁ အချက်က၊ ကျနော်တို့အယူခံတင်ပြီးပြီဆိုတဲ့ အကြောင်းသတင်းပို့ဘို့။ နံပါတ် ၂ က အဲဒီသတင်းပို့ပြီးတဲ့အပြင် အယူခံကို အယူခံ အဖွဲ့ကကြားနာခြင်းမပြုမီမှာ ကျနော်တို့ ဒေါ်အောင်ဆန်းစုကြည်ဆီကနေပြီး ညွှန် ကြားချက်များယူရန်ဆိုပြီးတော့ တွေ့ဘို့ရာ အဲဒီအကြောင်း ၂ ချက်ပေါ့" ဟုပြောပါ တယ်။ ဦးကြည်ဝင်းကဆက်လက်ပြီး "ရက်ကသိပ်မကျန်တော့ဘူး၊ ဘယ်လိုမကျန် တော့လဲဆိုတော့ သူ့ရဲ့အမိန့်က လာမယ့် မေလ ၂၇ ရက်နေ့မှာ ကုန်မယ်ဆို တော့ ၄၈ ရက်ဘဲကျန်တော့ရင် အချိန်က ဒီလိုဒီလိုသွားရင်းနဲ့ အယူခံကိုမကိုင် ရင် အယူခံကိုပြင်းပယ်တဲ့သဘော သက်ရောက်သွားနိုင်တယ်" ဟုဆိုပါတယ်။ ၎င်း အယူခံလွှာနှင့်ပတ်သက်သည့် တောင်းဆိုစာကို လွန်ခဲ့သည့် မတ်လ ၁၃ ရက်နေ့ က ဗိုလ်ချုပ်ကြီးသိန်းစိန်ထံ ပထမအကြိမ်ပေးပို့ခဲ့ပြီး ယခုဒုတိယအကြိမ်ထပ်မံပေး ပို့ခြင်းဖြစ်သည်။

ထိုသို့ ပထမအကြိမ်ပေးပို့သည့်အချိန်တွင် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စင်္ကာပူနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့ပြီး နှစ်နိုင်ငံအရေးကိစ္စများကို သမ္မတဆူဆီလိုဘမ်ဘန်းယူဒိုယိုနိုနှင့် ဆွေးနွေးမှုများပြုလုပ်နေသောရက်များနှင့် တိုက်ဆိုင်ခဲ့သည်။ အဆိုပါ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်နှင့် ပတ်သက်သောအယူခံလွှာကို လွှန်ခဲ့သည့် ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် နေပြည်တော်သို့တင်သွင်းခဲ့ခြင်းဖြစ်သည်။

အယူခံလွှာတွင် ဒေါ်အောင်ဆန်းစုကြည်က သူ့ကိုပုဒ်မ ၁၀-ခ အရ အ ရေးယူထားသည်မှာ ဥပဒေနှင့်ညီ မညီ၊ အရေးယူထားသည့်ကာလမှာ ဥပဒေနှင့်ညီ မညီ၊ အတူနေ ဒေါ်ခင်ခင်ဝင်းသားအမိအနေနှင့် တားဆီးမိန့်အကျုံးဝင် မဝင်၊ ကျန်းမာရေးနှင့်ပတ်သက်၍ မိသားစုဆရာဝန်နှင့် ပုံမှန်စစ်ဆေးခွင့်၊ ရှေ့နေဦးကြည် ဝင်းအတွက်လက်ထောက်ရှေ့နေထပ်မံငှားရမ်းခြင်း စသည့်အချက်များပါဝင်သည်။

ယခုလ ၂ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်အား မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းက သွားရောက်တွေ့ဆုံခဲ့ပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရှိရပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၃ ခုနှစ်၊ မေလတွင်ဖြစ်ပွားခဲ့သော ဒီပဲယင်းအကြမ်းဖက်တိုက်ခိုက်မှုအပြီးမှစတင်၍ နေအိမ်အကျယ်ချုပ်ဖြင့် အထိန်းသိမ်းခံနေရသည်မှာ ၅ နှစ်ကျော်ပြီဖြစ်သည်။ ၁၉၈၉ ခုနှစ်မှစ၍ ရေတွက်လျှင် စုစုပေါင်း ၁၃ နှစ်ရှိပြီဖြစ်ပါသည်။

---

**စာမျက်နှာ ၈ မှ**

ထိုင်းနိုင်ငံတို့က မြန်မာနိုင်ငံရဲ့ထွက်ကုန်တွေ အထူးသဖြင့် သဘာဝဓာတ်ငွေ့တွေ ကို ဝယ်ယူနေတဲ့အတွက် စစ်အစိုးရအတွက် အဆင်ပြေနေတယ်လို့ ဆိုပါတယ်။

အိမ်နီးချင်းနိုင်ငံတွေလည်း စီးပွားပျက်ဒဏ်ခံနေရတဲ့အတွက် မြန်မာနိုင်ငံ က ဓာတ်ငွေ့နဲ့တခြားထုတ်ကုန်တွေကို အရင်လို ဝယ်နိုင် မဝယ်နိုင် မသေချာ သလို အဲဒီနိုင်ငံတွေမှာ သန်းနဲ့ချီရှိတဲ့ မြန်မာအလုပ်သမားတွေဆီက မြန်မာနိုင်ငံ ကိုပြန်ပို့နေတဲ့ငွေဟာလည်း အရင်လိုမသေချာပဲ အဲဒီအလုပ်သမားတွေ အိမ်ပြန် ရတာမျိုးတွေအထိ ဖြစ်လာနိုင်တယ်လို့ ထောက်ပြထားပါတယ်။

ဒါကြောင့် ၂၀၀၉ မြန်မာ့စီးပွားရေးကို ကျားကန်နိုင်ဖို့ဆိုရင် နိုင်ငံတကာ အလှူရှင်တွေနဲ့ ပြေလည်အောင်ဆက်ဆံပြီး နာဂစ်အတွက် အလှူငွေဒေါ်လာ သန်း ၇၀၀ နီးပါးကို ရအောင်ကြိုးပမ်းသင့်တယ်လို့ အေဒီဘီက အကြံပြုထားပါတယ်။

# အာဆီယံအစဉ်အလာများ နှင့် ယနေ့ ကမ္ဘာ

ကျော်ကျော်စိုး

ပြောင်းလဲတိုးတက်နေသောကမ္ဘာကြီးနှင့်အတူ တိုးတက်မှုကို ရှာဖွေ နေသော၊ တိုးတက်မှုများကို ထိန်းသိမ်းနိုင်ရန်ကြိုးပမ်းနေသော အာဆီယံသည် မိမိအားစိမ်ခေါ်နေသောအရာများကို ရင်ဆိုင်နေရမည်ဖြစ်သကဲ့သို့ တချိန်တည်း မှာပင် မိမိတောက်လျှောက်ကျင့်သုံးခဲ့သော အစဉ်အလာများသည် ယနေ့ခေတ် ကာလအခြေအနေပတ်ဝန်းကျင်နှင့် လိုက် လျောညီထွေမှုရှိ မရှိ ဆိုသည်ကိုပါ ဆန်းစစ်ရန် လိုအပ်လာပေသည်။

## ပြန်ညှိရမည့်အစဉ်အလာသုံးရပ်

အာဆီယံသည် <u>အဖွဲ့ဝင်နိုင်ငံတနိုင်ငံ၏အရေးကို အခြားနိုင်ငံက ဝင်ရောက် စွက်ဖက်ခြင်းမပြုရဟူသည့် စံ ကို ပြန်လည်ဆန်းစစ်ရန်လိုအပ်ပေသည်</u>။ ဤစံနှုန်း အစဉ်အလာသည် အာဆီယံနည်းလမ်း (ASEAN Way) ၏ အခြေခံအုတ်မြစ် တခုအဖြစ် ရှုမြင်ကြသည်။ ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံများက ဤအချက်ကို စွန့်ပယ် ရန်မသင့်ဟု ခံယူထားကြသည်။

အမှန်တကယ်လက်တွေ့တွင်မူ ဝင်ရောက်စွက်ဖက်ခြင်းမပြုရေးဆိုသည် ကို အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ဆက်ဆံရေး၏အဓိကျသောနည်းလမ်းအဖြစ်သုံး နေသည်။ ယခုအခါတွင် အာဆီယံနိုင်ငံများအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်လာပြီဖြစ်သဖြင့် ပိုမိုနီးကပ်စွာဖြင့် ပေါင်းစပ်လာသည့်အနေ အထားသို့ မလွဲမသွေရောက်ရှိလာမည်ဖြစ်သည်။

စဉ်းစားရန်လိုအပ်လာသည်မှာ အဖွဲ့ဝင်နိုင်ငံများအကြား စစ်မှန်၍ ခိုင်မာသည့်ပူးပေါင်းဆောင်ရွက်မှုများအလိုရှိပါက တနိုင်ငံနှင့်တနိုင်ငံအကြားတွင် လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြားတွင်လည်းကောင်း ညှိနှိုင်းမှုများသည် မရှိမဖြစ်လိုအပ်လာပြီဆိုသည့်အချက်ပင်ဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် နီးကပ်သော ဆက်ဆံရေးများက တနိုင်ငံချင်းအနေဖြင့်သော်လည်းကောင်း၊ အာဆီယံတဖွဲ့လုံး အနေဖြင့်လည်းကောင်း တိုးတက်မှုများကို ဖြစ်ထွန်းစေမည်ဟုယုံကြည်ပါက အဖွဲ့ဝင်နိုင်ငံအားလုံးက လိုက်နာဆောင်ရွက်ရမည့် စံ တခု လိုအပ်လာပေသည်။ ထို စံ သည် အားကောင်းခိုင်မာ၍ ထိရောက်မှုရှိသည့်ယန္တယားဖြစ်ရပေမည်။ သို့သော် လက်ရှိအခြေအနေတွင် အာဆီယံခေါင်းဆောင်များသည် မိမိတို့နိုင်ငံ များအကြား နိုင်ငံရေးအရ ကွဲပြားမှု၊ စီးပွားရေး အနိမ့်အမြင့်၊ လူမျိုးရေး၊ ယဉ်ကျေး မှု၊ ကိုးကွယ်ယုံကြည်မှု ခြားနားမှုများအပေါ် အထူးအလေးပေးလွန်းသည်ဟု ရှုမြင် ၍ရပေသည်။

ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်းဆက်ဆံရေး၊ အဖွဲ့နှင့် အခြားနိုင်ငံ များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်ဆက်ဆံရေးတို့တွင် နိုင်ငံရေး၊ လွတ်လပ် ခွင့်၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးကိစ္စများတွင် ဤကွဲပြားခြားနားမှုများကြောင့် အနောက်နိုင်ငံများနှင့်တူညီမှုမရှိနိုင်ဟု ဆိုနေခဲ့သည်။

ထိုသို့ဆင်ခြေပေးမှုများက အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ပြဿနာ များဖြေရှင်းနိုင်ရေး၌ ထိရောက်အောင် မြင်စွာလုပ်ဆောင်နိုင်ခဲ့ခြင်းမရှိသည်ကို မြင်တွေ့နိုင်ပေသည်။

အင်ဒိုနီးရှားမှ လွတ်လပ်ရေးရရှိတော့မည့် အရှေ့တီမောတွင် အင်ဒိုနီးရှား လိုလားသောပြည်သူ့စစ်များက လွတ်လပ်ရေးလိုလားသောပြည်သူများကို ခြိမ်း ခြောက်သတ်ဖြတ်မှုများတွင် အာဆီယံအနေဖြင့် ထိရောက်စွာဖြင့် စုပေါင်းကိုင်တွယ် နိုင်ခြင်းမရှိပဲ ကုလသမဂ္ဂတပ်ဖွဲ့ဝင်များက ဝင်ရောက်ထိန်းသိမ်းခဲ့ရသည်။

အလားတူပင် မြန်မာ့အရေးတွင်လည်း ဒီမိုကရေစီထွန်းကားရေးကို လိုလားပါသည်ဟုဆိုသော်လည်း လက်တွေ့တွင် အဖွဲ့ဝင်နိုင်ငံများက မိမိတို့ အကျိုးစီးပွားကို ပို၍အလေးထားသည့်အနေအထားကို မြင်တွေ့နေရသည်။ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံနယ်နိမိတ်အနီးရှိ ဟိန္ဒူရှေးဟောင်းဘုရားကျောင်းကို အကြောင်းပြု၍ နှစ်နိုင်ငံအကြား လက်နက်ကိုင်ရင်ဆိုင်တိုက်ပွဲဖြစ်ပွားလုနီးအဆင့် အထိရောက်ရှိနေချိန်နှင့် အာဆီယံနိုင်ငံ ခြားရေးဝန်ကြီးများအစည်းအဝေး ကျင်းပချိန်နှင့် တိုက်ဆိုင်နေခဲ့သော်လည်း ထိုအရေးကို ထိရောက်ပြတ်သားသည့် ဆုံးဖြတ်ချက်များဖြင့် ဖြေရှင်းနိုင်ခဲ့ခြင်းမရှိပေ။

ဤသို့သော ဥပမာများက အာဆီယံသည် မိမိတို့အဖွဲ့ဝင်နိုင်ငံများ အတွင်း၌လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများအချင်းချင်းအကြားတွင်လည်းကောင်း အခက်အခဲ၊ ပြဿနာများဖြစ်ပွားလာပါက ထိရောက်စွာဖြေရှင်းနိုင်မည့် စံ သို့မ ဟုတ် မူ သို့မဟုတ် နည်းလမ်းများကို သုံးစွဲနိုင်ခြင်းမရှိသည်ကို တွေ့မြင်နိုင်သည်။

အဖွဲ့ဝင် ၁၀ နိုင်ငံအတွင်း ထိုကဲ့သို့ကွဲပြားခြားနားမှု မတူညီမှုများရှိသည် မှာ အမှန်တကယ်လက်တွေ့ အစစ်အမှန်ပင်ဖြစ်သည်။ ဤသို့မတူညီသည်ဆိုသည့် အချက်တချက်တည်းနှင့် အဖွဲ့ကြီးတိုးတက်ရာတိုးတက်ကြောင်း၊ အဖွဲ့ဝင် နိုင်ငံ များဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာဆက်ဆံရေးတိုးတက်ကောင်းမွန်ရေးကို ချုပ်ကိုင်ထားသကဲ့သို့မဖြစ်သင့်ပေ။

၂၀၂၀ ခုနှစ်တွင် အာဆီယံလူမှုအသိုင်းအဝိုင်း (ASEAN Society) ပေါ်ထွန်းရေးကို အလိုရှိသည်ဆိုပါက <u>အာဆီယံသည် အစိုးရများအဖွဲ့၊ နိုင်ငံရေး သမားများ၏အဖွဲ့၊ ဗျူရိုကရက်များ၏အဖွဲ့အဖြစ် ရပ်တည်နေခဲ့သည့်အခြေအနေ ကိုပြောင်းလဲပစ်ရမည်</u>။ ဤအချက်သည် ၂၀၂၀ အိပ်မက်ကို ဖြည့်ဆည်းပေးမည့် အခြေခံအကြောင်းရင်းဖြစ်သည်။

လူမှုအသိုင်းအဝိုင်းဟု ဆိုသည်နှင့် ပင်မနေရာမှ ပါဝင်လာမည့်အရာမှာ လူမှုလူ့အဖွဲ့အစည်းများဖြစ်သည့် (Civil Society) များဖြစ်သည့် အစိုးရ မဟုတ်သော အဖွဲ့များ (NGOs)၊ အမြတ်အစွန်းမရှာသောအဖွဲ့များ(NPOs)၊ အခြား အကျိုးစီးပွားတခုခုဖြစ်ထွန်းရေးအတွက် ဆောင်ရွက်နေသောအဖွဲ့များ (Interest Groups) ဖြစ်ထွန်းရေးကို အားပေးရေးပင်ဖြစ်သည်။

ဤနေရာတွင် အစိုးရများအနေဖြင့် ထိုအဖွဲ့အစည်းများ၊ အုပ်စုများကို မိမိတို့အားဆန့်ကျင်မည့်အဖွဲ့များအဖြစ် မရှုမြင်သင့်ပေ။ လူမှုအသိုင်းအဝိုင်း တိုးတက်ရာတိုးတက်ကြောင်းအတွက် ထောက်တိုင်များအနေဖြင့်ပါဝင်မည့် အဖွဲ့ များအဖြစ် ရှုမြင်ရန်လိုအပ်ပေသည်။

Civil Society များ၏အခန်းကဏ္ဍကျယ်ပြန့်လာရေး၊ ဩဇာအရှိန် အဝါတိုးတက်ကြီးမားလာရေး၊ လူထုတိုက်ရိုက်အကျိုးပြု အသေးစိတ်လုပ်ငန်းငယ် လေးများကို ပိုမိုလုပ်နိုင်ရေးသည် လိုအပ်ချက်တရပ်ဖြစ်လာပေသည်။ ထို့မျှမက မိမိတို့ဒေသ ထိုမှတဆင့် နိုင်ငံ၊ ဒေသတခုလုံးအရေးစသည့် အဆင့်အထိ ပြည်သူ လူထုက ပါဝင်လှုပ်ရှားနိုင်မှုအတိုင်းအတာ ကျယ်ပြန့်လာရေးကို စဉ်းစားထားရန် လိုအပ်ပေသည်။ ဤသို့လုပ်ဆောင်နိုင်ပါက အာဆီယံအဖွဲ့အတွင်း၌ အစိုးရများ၊ နိုင်ငံရေးသမားများ၊ ဗျူရိုကရက်များကို ကျယ်ပြန့်သည့်သဘောထားနှင့်အမြင် ဖြစ်ထွန်းရေးကို ပေါ်ပေါက်လာစေရုံမက ပြည်သူလူထုကိုပါ တိုးတက်သည့် အမြင် များကို ပေါ်ထွန်းစေသည့်အတွက် လူမှုအသိုင်းအဝိုင်းတောင့်တင်းခိုင်မာရေးကို များစွာအကျိုးဖြစ်ထွန်းစေသည်။

ထို့ကြောင့် Civil Society <u>များဖြစ်ထွန်းရေးသည် အာဆီယံအဖွဲ့ဝင် နိုင်ငံများအနေဖြင့် ဦးစားပေးလုပ်ဆောင်ရမည့်လုပ်ငန်းတခုဖြစ်သည်</u>ကို သတိပြုရန် အရေးကြီးလှပေသည်။

စီးပွားရေးတိုးတက်ရေးကို အလေးထားသော အာဆီယံနိုင်ငံများသည် မိမိတို့နိုင်ငံတွင်း စီးပွားရေးပြုပြင်ပြောင်းလဲရေးကို မိမိတို့အခြေအနေအလိုက် လုပ်ဆောင်နေခဲ့သည်။ မှန်ကန်သည့်လမ်းကြောင်းပေါ်ရောက်ရှိလာသည့်နိုင်ငံ များသည် စီးပွားရေးတိုးတက်မှုအရှိန်ကို ရရှိလာနေကြသည်။ အဖွဲ့ဝင်နိုင်ငံ အချင်း ချင်းသာမက အာရှဒေသတွင်းရှိ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျား၊ နယူး ဇီလန်၊ ထိုင်ဝမ် စသည့်နိုင်ငံများ၊ ဒေသများနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ကို တိုးချဲ့လာနိုင်သည်။ ထို့မျှမက အီးယူ၊ အမေရိကန် နှင့် လက်တင်အမေရိက၊ အာဖရိက စသည်တို့မှ နိုင်ငံများနှင့် စီးပွားဆက်ဆံမှုများတိုးတက်လာသည်။

**တဘက်သို့**

**တဘက်မှ**

ဥပမာ– စင်္ကာပူက နယူးဇီလန်၊ ဂျပန်တို့နှင့် လွတ်လပ်သောကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် Free Trade Agreement များ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့က ဂျပန်နှင့်လွတ်လပ်သောကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များကို တစိတ်တပိုင်းလုပ်ဆောင်နိုင်ခဲ့ခြင်း။

ဤသို့တိုးတက်လာခြင်းက စီးပွားရေးအရှိန်ရလာသော အာဆီယံနိုင်ငံများအား စီးပွားရေးဆိုင်ရာပေါ်လစီများကို ပြန်လည်သုံးသပ်လာစေရန် ဖြစ်လာစေခဲ့သည်။ တချိန်တည်းတွင် ထည့်သွင်းစဉ်းစားရန်လိုအပ်သည့်အချက်မှာ မိမိတို့သည် အာဆီယံမိသားစုအဖွဲ့ဝင်ဖြစ်သည်၊ ထို့ကြောင့် အဖွဲ့အလိုက်စီးပွားဆက်ဆံမှုဖြစ်သည်။ ဥပမာအားဖြင့် အီးယူနိုင်ငံများနှင့် ကုန်သွယ်မှုပြုသည့်အခါ အီးယူကဲ့သို့ပင် အဖွဲ့၏ အခြေခံရပ်တည်ချက်စည်းမျဉ်းများနှင့်အညီ ဆက်ဆံရေးပင် ဖြစ်သည်။

ထို့ကြောင့် အာဆီယံတွင် မဖြစ်မနေလိုအပ်လာ သည့်အရာမှာ အဖွဲ့၏ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာစံနှုန်းနှင့် ထိုစံနှုန်းများကိုအကောင်အထည်ဖော်မည့် ယန္တယား Mechanism များပင်ဖြစ်သည်။

## ယနေ့ ကမ္ဘာကြီးထဲမှအာဆီယံ

၁၉၆၀ ပြည့်လွန်နှစ်များက အရှေ့တောင်အာရှဒေသအတွင်း ဝါဒရေးရာအားပြိုင်မှုများ၊ စစ်အေးတိုက်ပွဲ၏ ဘေးထွက်ရိုက်ခတ်မှုများ၊ မတည်မငြိမ်မှုများ၊ ဆင်းရဲမွဲတေမှု စသည်တို့ဖြင့် အခက်အခဲအကျပ်အတည်းများဖြင့် နပန်းလုံးနေခဲ့ရသည်။ သို့သော်လည်း ၁၉၉၀ ပြည့်လွန်နှစ်များတွင် စီးပွားရေးတိုးတက်မှုများက ကမ္ဘာ့ဘဏ်ကိုယ်တိုင်က အာရှ အံ့မခန်း Asia Miracle ဟု ခေါ်ဆိုရသည့်အဆင့်အထိဖြစ်ခဲ့သည်။

ဤသည်မှာ အမှန်တကယ်လက်တွေ့ဖြစ်ပျက်ခဲ့သည့် အာဆီယံဒေသတွင်းအခြေအနေများဖြစ်သည်။ သို့သော်လည်း စီးပွားရေးတိုးတက်လာမှုများ၊ အဖွဲ့ဝင်နိုင်ငံများအကြား ကျင့်သုံးခဲ့သည့်မှုများ၊ မိမိတို့နိုင်ငံများအတွင်း သီးခြားကျင့်သုံးနေသည့်လုပ်နည်းလုပ်ဟန်များသည် တိုးတက်လာသည့် လူမှုအသိုင်းအဝိုင်းနှင့် အံမဝင်ခွင်မကျမှုများရှိလာခဲ့ပေသည်။ ဤသို့သောအခြေအနေကို ၁၉၉၇ ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် အာရှ ငွေကြေးအကျပ်အတည်းက ရောင်ပြန်ဟပ်ခဲ့သည်ကို မြင်တွေ့နိုင်သည်။

အာဆီယံသည် ဒေသတွင်းတိုးတက်မှုများကို ပေးစွမ်းနိုင်ခဲ့သည့် အာဆီယံနည်းလမ်း ASEAN way ကို အလေးပေးကျင့်သုံးခဲ့သည်။ ထိုအထဲတွင် ဝင်ရောက်မစွက်ဖက်ရေးစံ၊ ဆုံးဖြတ်ချက်များကို အများသဘောနှင့်အညီ ညှိနှိုင်းချမှတ်မှု၊ အကန့်အသတ်နှင့်သာရှိသည့် အတွင်းရေးမှူး၏လုပ်ပိုင်ခွင့်နှင့် တာဝန်သတ်မှတ်ချက်များ စသည်တို့လည်း ပါဝင်ပေသည်။

အာရှငွေကြေးအကျပ် အတည်းလွန်ကာလများတွင် အာဆီယံအား ထိုစံနှုန်းများ၊ ကျင့်သုံးသည့်နည်းလမ်းများ၊ အခြေအနေများကို ပြုပြင်ပြောင်းလဲရမည်ဆိုသည့်တိုက်တွန်း ပြောဆိုချက်များ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်လာခဲ့သည်။

ထို့ကြောင့် အာဆီယံအနေဖြင့် အခြေခံကျကျပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် လိုအပ်သည်ဟု အကြံပြုချက်များလည်းရှိလာခဲ့သည်။ အပြုသဘောဆောင်သည့်ဆက်ဆံရေးမှု Costructive Engagement နေရာတွင် ပို၍လက်တွေ့ကျကာ အကောင်းဘက်ကိုဦးတည်နိုင်သည့် ပျောင်းညွတ်လွယ်သည့်ဆက်ဆံရေးမှု Flexible Engagement ကို အစားထိုး သုံးစွဲရန်အဆိုပြုချက်များရှိသည်။

ထိုမျှမကသေး အဖွဲ့ဝင်နိုင်ငံများအကြား လူသိရှင်ကြားဝေဖန်ပြောဆိုမှုများလည်း ရှိသင့်သည်ဆိုသည့် အဆိုပြုချက်များရှိသော်လည်း အာဆီယံကမူ ဤသည်ကို ပယ်ချခဲ့သည်။ သို့သော်လည်း အဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုနီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများနှင့် အပြန်အလှန်ဆက်သွယ်မှု များကို အားပေးရန်လိုသည့်အချက်ကို အလေးပေးဆောင်ရွက်ရေး၌ သဘောတူကြသည်။

မည်သို့ပင်ဖြစ်စေကာမူ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုနီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများပြုရန် အလေးပေးကြမည်ဆိုခြင်းသည် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်ကူးလူးဆက်ဆံမှုများနှင့် ထိတွေ့မှုများ ပိုမိုများ ပြားလာမည့် သဘောပင်ဖြစ်သည်။ ဤကျင့်သုံးမှုအောင်မြင်ရေးသည် အပြန်အလှန် ညှိနှိုင်းမှု၊ အပေးအယူလုပ်နိုင်မှု၊ အကျိုး ဖြစ်ထွန်းရေးကို မျှော်ကိုးနိုင်မှု စသည်တို့အပေါ်မူတည်သည်။ ထိုမျှမကသေး ပိုမိုနီးကပ်သည့်ဆောင်ရွက်မှုများက ဝင်ရောက်မစွက်ဖက်ရေး non-intervention မူနေရာတွင် အကျိုးဖြစ် ထွန်းမည့်ဝင်ရောက်စွက်ဖက်ရေး beneficial intervention မူဖြင့် အစားထိုးကျင့်သုံးနိုင်ရမည်ဖြစ်သည်။

ထိုကဲ့သို့ အပြန်အလှန်မှီခိုမှု interdependence တိုးတက်လာလေ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုကြီးမားကျယ်ပြန့်သည့်ညီညွတ်မှုနှင့် အာဆီယံလူမှုအသိုင်းအဝိုင်း ASEAN Society အတွက် ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်နိုင်ပေမည်။

ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံများသည် လူ့အခွင့်အရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ငွေကြေးဆိုင်ရာကိစ္စရပ်များတွင် ကျယ်ပြန့်သည့် သဘောတူညီချက်များနှင့်အမြင်များ ထားရှိရန်လိုအပ်သည်။ ထိုကဲ့သို့သော သဘောတူညီချက်များက အာဆီယံနိုင်ငံများအတွင်း အပြောင်းအလဲများဖြစ်လာစေမည့် အလားအလာများရှိလာ မည်ဖြစ်သည်။

တချိန်တည်းမှာပင် အဖွဲ့ဝင်နိုင်ငံများအတွင်း အပြန်အလှန်မှီခိုမှုများက အဖွဲ့ဝင်နိုင်ငံများကိုအာဆီယံလူမှုအသိုင်းအဝိုင်းအတွက် တာဝန်များပိုမိုယူလာစေမည်ဖြစ်ပြီး၊ အပြန်အလှန်လေးစားမှု အသိအမှတ်ပြုမှုများကိုလည်း တိုးတက်လာစေမည်ဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံများသည် မိမိတို့အချင်းချင်းအပြန် အလှန်အကူအညီပေးနိုင်ရန် လုပ်ထုံးလုပ်နည်းများ နည်းလမ်းများ၊ စံနှုန်းများ၊ မူဝါဒများကို ပြုပြင် ပြောင်းလဲမှုများပြုလုပ်နိုင်ရေးသည် အရေးကြီးသည့်လုပ်ငန်းတခုဖြစ်သည်။ သို့မှသာ ပြောင်းလဲလာနေသော စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးအခြေအနေများ၏အကျိုးဆက်အဖြစ် ကြုံတွေ့လာရမည့်အခက်အခဲများကို ဝင်ရောက်ဖြေရှင်းနိုင်ပေမည်။

ထို့ကြောင့် အာဆီယံပြည်သူပြည်သားများ၏ ညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများက အာဆီယံ၏ အောင်မြင်မှုများဖြစ်သည်၊ အောင်မြင်မှုများကို ထိန်းသိမ်းနိုင်ရေးဖြစ်သည်ဆိုသည့်အချက်ကို လက်ခံကျင့်သုံးနိုင်ရန် လိုအပ်သည်။

---

# ပဲခူးတိုင်းတောင်သူများကြံဖွံ့ဖြိုးတက်မဝင်လျှင် ချေးငွေ အတိုးပိုပေးရ

**RFA ၊ ဧပြီ ၁၁ ။** ။ ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်က လယ်သမားတွေကို ဒိုက်ဦးမြို့နယ်ကြံခိုင်ဖွံ့ဖြိုးရေးအသင်းကဦးဆောင်ပြီး မနှစ်က နှစ်ကုန်ပိုင်းက အသင်းဝင်တဲ့ တောင်သူတွေကို နှစ်ကျပ်တိုးနဲ့ ငွေချေးခဲ့ပါတယ်။

ဒါပေမဲ့ အခုလောလောဆယ်ငွေတိုးတွေ လိုက်ကောက်တဲ့အခါမှာတော့ ပုံမှန်တောင်သူတဦးရဲ့ချေးငွေဟာ ငါးကျပ်တိုးအထက်ကျနေပြီး ကြံဖွံ့တက်အသင်းနဲ့နီးစပ်တဲ့သူတွေကတော့ အရင်ကပြောထားတဲ့အတိုင်း နှစ်ကျပ်နှုန်းပဲကျတယ်လို့ ရွှေအင်တုံကျေးရွာက တောင်သူတဦးက အာရ်အက်ဖ်အေ ကို ပြောပြပါတယ်။

ရွှေအင်တုံကျေးရွာတောင်သူတဦးက "တဧကအထိကို လေးသောင်းခွဲ၊ တဧကအောက်ကို နှစ်သောင်း နှစ်သောင်းခွဲနှုန်းချေးရတယ်၊ အဲဒီမှာ သူတို့အထက်လူကြီးကနေ တကျပ်ခွဲတိုး နှစ်ကျပ်တိုးဆိုပြီး သတ်မှတ်လိုက်တယ်၊ ကျနော်တို့ကို ဖွံ့ဖြိုးရေးနဲ့ ကြံခိုင်ရေးက ချေးတဲ့အခါကျတော့ ထမင်းဖိုးတို့ စာရွက်စာတမ်းဖိုးတို့ဆိုပြီးတော့ အဲဒါတွေကို စုဆောင်းလိုက်တဲ့အခါကျတော့ ငါးကျပ်တိုးဖြစ်သွားတယ်၊ ဒါပေမဲ့ သူတို့နဲ့လက်သင့်တဲ့သူတွေကျတော့ မကျဘူးလေ၊ သူတို့သတ်မှတ်တဲ့အတိုးအတိုင်းပဲပေးရတာပေါ့။ သုံးကျပ်တိုးဆို သုံးကျပ်တိုးပဲပေးရတယ်။ နှစ်ကျပ်တိုးဆို နှစ်ကျပ်တိုးပဲပေးရတယ်။ ကျနော်တို့လယ်သမားတွေကျတော့ ငါးကျပ်တိုးကျတာပေါ့"

ငွေတိုးကောက်ခံတဲ့နေရာမှာလည်း ထမင်းစားရိတ် စာရွက်စာတမ်းကြေးပါကောက်ခံနေပြီး ငွေချေးယူရင်တော့ ကြံဖွံ့တက်အသင်းဝင်ရတယ်လို့ ပြောပါတယ်။

# နိုင်ငံခြားအလှူငွေရလျှင် မြန်မာ့စီးပွားရေးကျားကန်နိုင်မည်ဟု အေဒီဘီ က ဆို

**DVB ၊ ဧပြီ ၁၀ ။** ။ နာဂစ်မုန်တိုင်းဒုက္ခသည်တွေအတွက် အလှူခံထားတဲ့ အမေရိကန်ဒေါ်လာ သန်း ၇၀၀ နီးပါးကို အချိန်မီမရဘူးဆိုရင် ၂၀၀၉ မြန်မာ့စီးပွားရေးကျားကန်ဖို့ အခက်အခဲရှိနိုင်တယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ) က သတိပေးလိုက်ပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက အသစ်ထုတ်ပြန်လိုက်တဲ့ Asian Development Outlook 2009; Rebalancing Aisa's Growth လို့ အမည်ပေးထားတဲ့အစီရင်ခံစာမှာ အခုလိုဖော်ပြလိုက်တာပါ။

နာဂစ်ဒေသပြန်လည်ထူထောင်ရေးဟာ ပထမဦးစားပေးဖြစ်ပြီး ၂၀၀၉ မှ ၂၀၁၁ အထိ ၃ နှစ်တာအတွက် ဒေါ်လာ သန်း ၆၉၀ သုံးပွင့်ဆိုင်အဖွဲ့က အလှူခံထားကာ အဲဒီအထဲက ၄၆၆ သန်း လှူဖို့ ကတိရထားပြီးဖြစ်ပါတယ်။ အဲဒီအလှူငွေက ၂၀၀၉ မြန်မာ့စီးပွားရေးကို အထောက်အကူဖြစ်စေနိုင်တယ်လို့ အေဒီဘီ က ပြောပါတယ်။

ဒါ့အပြင် ပြီးခဲ့တဲ့မတ်လ ၃၁ ရက်နေ့က ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြောခဲ့တဲ့ ဂျီဒီပီ တိုးတက်မှုနှုန်း ၁၀ ဒသမ၄ ရှိတယ်ဆိုတာကိုလည်း အေဒီဘီက ဝေဖန်ထားပြီး တကယ်တိုးတက်မှုဟာ အစိုးရပြောတာထက် ထက်ဝက်မက နည်းနိုင်တယ်လို့ ထောက်ပြထားပါတယ်။

ငွေဖောင်းပွမှုနှုန်းက ၃၀ ရာခိုင်နှုန်းကျော်ရှိနေပြီး နာဂစ်မုန်တိုင်းဒဏ်ကြောင့် လယ်ယာမြေအများအပြားပျက်စီးခဲ့ကြောင်း၊ စီးပွားရေးအဆင်မပြေတဲ့ကြားက နေပြည်တော်တည်ဆောက်ရေး၊ ရန်ကုန်–မန္တလေးအထူးကားလမ်းဖောက်လုပ်ရေးလုပ်ငန်းတွေမှာ အစိုးရက နိုင်ငံ့ဘဏ္ဍာငွေအများအပြားသုံးခဲ့ကြောင်း၊ ဒါပေမဲ့ ပညာရေး ကျန်းမာရေးအသုံးစရိတ်ကတော့ နိမ့်မြဲတိုင်းနိမ့်နေဆဲဖြစ်ကြောင်း အေဒီဘီက ထောက်ပြပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံဟာ အနောက်အုပ်စုနဲ့ စီးပွားရေးနဲ့ သံတမန်ရေး ပိတ်ဆို့မှုကို ခံနေရဆဲဖြစ်ကြောင်း၊ တဘက်မှာလည်း အိမ်နီးချင်း တရုတ်၊ အိန္ဒိယ၊

**စာမျက်နှာ ၇ သို့**

## ခွန်ထွန်းဦး ပူတာအိုထောင်တွင် ကျန်းမာရေးအခြေအနေဆိုး

**DVB ၊ ဧပြီ ၇ ။** ။ ကချင်ပြည်နယ် ပူတာအိုထောင်မှာ ထောင်ဒဏ်နှစ်ရှည် ကျခံနေရတဲ့ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဦးခွန်ထွန်းဦး နဂိုခံစားနေရတဲ့ရောဂါအခြေအနေ ပိုမိုဆိုးဝါးလာတယ်လို့ ရှမ်းသံတော်ဆင့် သတင်းစဉ်က ပြောပါတယ်။

ဦးခွန်ထွန်းဦးဟာ မူလခံစားနေရတဲ့ ဆီးချို သွေးချိုနဲ့ သွေးတိုးရောဂါဟာ အခု အခြေအနေပိုဆိုးလာသလို ထောင်အာဏာပိုင်တွေက ထိရောက်တဲ့ကုသမှု မပေးဘူးလို့ ရှမ်းသံတော်ဆင့်သတင်းစဉ်မှ လက်ထောက်အယ်ဒီတာ ဦးစိန်ကြည် က ပြောပါတယ်။ “သူက နဂိုရှိတဲ့သွေးတိုးရောဂါ ဆီးချိုရောဂါ သွေးချိုရောဂါပေါ့ အဲဒါတွေက အရင် ၁ နှစ် ၂ နှစ်ကတော့သာမန်ပဲ။ ဒီနှစ်မှ နည်းနည်းအခြေအနေဆိုးလာတာ။ ထောင်ထဲမှာနေတော့ အာဏာပိုင်တွေကလည်း အဖြစ်သဘောလောက်ပဲ စစ်ဆေးတာတွေ ဘာတွေ လုပ်ပေးတာပေါ့။ ”

ဆေးဝါးကုသမှုကတော့ ထိထိရောက်ရောက်မရှိဘူးပေါ့ဗျာ။ ဆေးတွေဘာတွေလည်း ကိုယ့်ဟာကိုယ် အပြင်ကနေဝယ်ပြီးတော့ မှီဝဲနေရတာ။ မိသားစုကလည်း တလမှတခါသွားရတယ်။ သွားလို့ရှိရင် ကြိုတင်ပြီးတော့ တပတ်နှစ်ပတ်လောက် အကြောင်းကြားထားရတာတယ်။

” ဦးခွန်ထွန်းဦးကို မိသားစုဝင်တွေက ထောင်ဝင်စာ တလ တကြိမ် တွေ့ခွင့်ရပေမယ့် သားသမီးတွေက နိုင်ငံခြားမှာရှိနေပြီး ရန်ကုန်က ဇနီးသည်ကလည်း တဦးတည်းခရီးမသွားနိုင်တာကြောင့် ဦးခွန်ထွန်းဦးကို လစဉ်ပုံမှန်သွားတွေ့ဖို့ လမ်းစရိတ်မတတ်နိုင်ဘူးလို့ ဦးစိန်ကြည်ကပြောပါတယ်။ အပြင်ဆေးကိုပဲ မှာယူသုံးစွဲနေရတဲ့အတွက် မိသားစုတွေက လစဉ်ပုံမှန်မပို့ပေးနိုင်ရင်လည်း ဆေးမရသလို ပူတာအိုရဲ့ ရာသီဥတုဆိုဝါးမှုကြောင့် ဒုက္ခပိုရောက်တယ်လို့လည်း ဆိုပါတယ်။

ဇနီးဖြစ်သူ ဒေါ်ဝေဝေလွင်ကို ဆက်သွယ်ခဲ့ပေမယ့် ခရီးလွန်နေတယ်လို့ သိရပြီး ဒေါ်ဝေဝေလွင် ဦးခွန်ထွန်းဦးကို သွားမတွေ့တာကြာပြီလို့ အိမ်ဖော်တဦး က ပြောပါတယ်။ ဦးခွန်ထွန်းဦးဟာ အကျဉ်းထောင်ထဲမှာ တဦးတည်းနေရပြီး ရေဒီယိုနားထောင်ခွင့်မရပေမယ့် အစိုးရရဲ့ဝါဒဖြန့်စာစောင်တွေကို ဖတ်ခွင့်ရှိတယ်လို့ဆိုပါတယ်။ ဦးခွန်ထွန်းဦးဟာ အသက် ၆၆ နှစ်ရှိပြီဖြစ်ပြီး ၂၀၀၅ က ဖမ်းဆီးခံခဲ့ရတာဖြစ်ပါတယ်။ သူ့ကို ၂၀၀၅ ဖေဖော်ဝါရီ ၉ ရက်မှာ အာဏာပိုင်တွေက အမျိုးသားညီလာခံကိုဆန့်ကျင်မှု၊ နိုင်ငံတော်ပုန်ကန်မှုစတဲ့ ပုဒ်မတွေနဲ့ ထောင်ဒဏ် ၉၃ နှစ်ချမှတ်ခဲ့တာ ဖြစ်ပါတယ်။ သူနဲ့အတူ တခြား ရှမ်းတိုင်းရင်းသားခေါင်းဆောင် ၈ ဦး ဖမ်းဆီးခံခဲ့ရပြီး ရှမ်းပြည်တပ်မတော်က ဗိုလ်ချုပ်ဆော်ထင်ကို ထောင်ဒဏ် ၁၀၆ နှစ်အထိ ချမှတ်ထားပါတယ်။

## မဒတ သတ္တမအကြိမ်ညီလာခံကျင်းပပြီးစီး

**DVB ၊ ဧပြီ ၁၀ ။** ။ နအဖက တိုင်းရင်းသားလူမျိုးစုများရဲ့နယ်မြေတွေကို ထိုးစစ်ဆင်တိုက်ခိုက်နေတဲ့အပေါ် မဒတအဖွဲ့က ခုခံစစ်ကို တိုးမြှင့်သွားပြီး နအဖအခြေခံဥပဒေနဲ့ ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်သွားမယ်လို့ ထုတ်ပြန်ကြေညာလိုက်ပါတယ်။

ထိုင်း–မြန်မာနယ်စပ် တောတွင်းတနေရာမှာ ဒီလ ၆ ရက်နေ့ကနေ ၉ ရက်နေ့အထိ ၃ ရက်တာပြုလုပ်ခဲ့တဲ့အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု(မဒတ) ရဲ့သတ္တမအကြိမ်ညီလာခံမှာ အခုလို ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

ခုခံစစ်တွေကို ဘယ်လိုမျိုးချဲ့ထွင်သွားမယ်ဆိုတာနဲ့ပတ်သက်ပြီး မဒတ ညီလာခံမှာ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရတဲ့ စောဒေးဗစ်တာကပေါက “နည်းဗျူဟာပြောင်းရမယ်၊ ကျနော်တို့တပ်တွေက ပိုပြီးအရည်အချင်းကောင်းဖို့လိုတယ်၊ အဲဒီလိုပြုပြင်သွားမှပေါ့၊ စစ်ရေးနည်းပရိယာယ်တို့၊ သေနင်္ဂဗျူဟာတို့ အဲဒါတွေ ပိုမိုကောင်းအောင်လုပ်သွားမယ်လို့ ဆိုလိုတာပါ” လို့ ပြောပါတယ်။

စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ အမျိုးသားတန်းတူအခွင့်အရေးရရှိဖို့နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေအတွက် အခုနှစ်မေလမှာ နအဖအစိုးရအတည်ပြုလိုက်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လာမယ့် ၂၀၁၀ ရွေးကောက်ပွဲတွေကို ဆန့်ကျင်သွားဖို့ ဆုံးဖြတ်တယ်လို့ သိပါတယ်။

အဲဒီအပေါ်မှာတော့ စောဒေးဗစ်တာကပေါ က “ဆန့်ကျင်တယ်ဆိုတာက နိုင်ငံရေးအရ ဆန့်ကျင်မှာကို ပြောတာပါ။ သပိတ်မှောက်ဖို့ပေါ့၊ ရွေးကောက်ပွဲမဝင်ကြဖို့နဲ့လို့ ပြည်သူတွေကို တိုက်တွန်းမှုတွေလုပ်မှာပါ၊ ဆန့်ကျင်တယ်ဆိုတာ ကျနော်တို့မဝင်ဘူးပေါ့ဗျာ၊ မဒတအနေနဲ့ မဝင်ဘူးပေါ့” လို့ပြောပါတယ်။

နအဖအနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောင်ရွက်ချင်တယ်ဆိုရင် တတိုင်းပြည်လုံးအပစ်အခတ်ရပ်စဲဖို့၊ နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ဖို့နဲ့ နိုင်ငံရေးအင်အားစုတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ လိုတယ်လို့လည်း မဒတအဖွဲ့က ဆိုပါတယ်။

မဒတတပ်ပေါင်းစုကို ၁၉၇၆ ခုနှစ်ကတည်းက တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနဲ့ဖွဲ့စည်းထားတာဖြစ်ပြီး မွန် ကချင် အစရှိတဲ့ တိုင်းရင်းသားအဖွဲ့တချို့ကတော့ နအဖစစ်အစိုးရနဲ့ စေ့စပ်ဆွေးနွေးသွားပါပြီ။

နောက်ဆုံးပြုလုပ်တဲ့ သတ္တမအကြိမ်ညီလာခံအထိ ကျန်နေသေးတဲ့ တပ်ပေါင်းစုအဖွဲ့ဝင်တွေကတော့ ကရင်၊ ကယန်း၊ ရခိုင်၊ ချင်း၊ လားဟူ၊ ပလောင်၊ ပအိုဝ်းနဲ့ ၈ တိုင်းရင်းသားတွေပဲဖြစ်ပါတယ်။

**ဧပြီ ၄၊ Chinland Guardian ။ ။** မလေးရှား Perak ပြည်နယ်ရှိ Teluk Intan မြို့မှ ကြိမ်ဒဏ်ကျင့်သုံးဆဲရှိသော Langkap အကျဉ်းစခန်းတွင် ဒုက္ခသည် ၂၀၀ ခန့်ရှိကာ အမျိုးသမီးများအပါအဝင် ချင်းဒုက္ခသည် ၈၀ ဦးခန့်ရှိကာ အချို့အထဲတွင် ကြာပြီးဖြစ်သော်လည်း ကြိမ်ဒဏ်ပေးခံနေရဆဲဖြစ်ကြောင်း။

**ဧပြီ ၅၊ DVB ။ ။** တရုတ်–မြန်မာဆက်ဆံရေးပျက်ပြားရန် ပြည်ပမီဒီယာများမှလှုံ့ဆော်နေသည်ဟု နအဖမီဒီယာမှ စွပ်စွဲ၏။

**ဧပြီ ၆၊ Mizzima ။ ။** NCUB, ENC,FDB စသည့် ဒီမိုကရေစီအင်အားစုများ ဧပြီ ၂–၄ တွင် ထိုင်းနယ်စပ်ညီလာခံတွင် စည်းလုံးညီညွတ်ရေးကိုအလေးပေးခဲ့၏။

**ဧပြီ ၇၊ Mizzima ။ ။** နအဖတပ်နှင့် DKBA ပူးပေါင်း၍ ကေအင်ယူ၏ လက်နက်ကိုင်အဖွဲ့ KNLA အား ဗာလက်ကီတွင် ဝင်တိုက်ခဲ့ကြောင်း။

**ဧပြီ ၇၊ SHAN ။ ။** နိုင်ငံရေးအကျဉ်းကျနေသူ ဦးခွန်ထွန်းဦး(ရှမ်း–အဲန်အဲလ်ဒီခေါင်းဆောင်) သည် ကျန်းမာရေးချို့တဲ့လျက်ရှိကြောင်း။

**ဧပြီ ၇၊ RGN ။ ။** အိန္ဒိယမှ တာတာမော်တော်ကားကုမ္ပဏီသည် မြန်မာတွင် ကားစက်ရုံတည်၍ ဒီဇင်ဘာမှ စထုတ်လုပ်မည်။

**ဧပြီ ၈၊ KL-Bernama ။ ။** မလေးရှားတွင် သောင်တင်ခိုလှုံနေသူ ရိုဟင်ဂျာ ၁၅၀၀ ဦးအား အာဆီယံမှတဆင့် မြန်မာသို့ပြန်ပို့ရန် စီစဉ်နေ၏။

**ဧပြီ ၈၊ MNL ။ ။** အာဆီယံအတွင်း လူ့အခွင့်အရေး လေးစားကာကွယ်ရန် အာဆီယံလူ့အခွင့်အရေးအဖွဲ့ အမြန်ဆုံးအကောင်အထည်ဖေါ်ရန် ဖိလစ်ပိုင်နိုင်ငံခြားရေးတာဝန်ခံ Alberto Romulo မှ တိုက်တွန်း၏။

**ဧပြီ ၈၊ VOA ။ ။** N Carolina ပြည်နယ်တွင် ကျင်းပသည့် သတင်းရုပ်ရှင်ဆုပေးပွဲတော်တွင် မြန်မာ့ရွှေဝါရောင်သင်္ကန်းဆန္ဒပြပွဲတွင် သက်စွန့်ရိုက်ကူးသည့် မြေအောက်သတင်းထောက်များ၏အကြောင်း ရုပ်ရှင် Burma VJ တံခါးပိတ်နိုင်ငံတွင်းမှ သတင်းပို့ခြင်း–– ရုပ်ရှင်သည် ထိပ်ဆုံးမှပြေးနေကြောင်း။

**ဧပြီ ၈၊ Mizzima ။ ။** ဇာဂနာ(ကိုသူရ) နှင့် နေဘုန်းတို့အား ပြန်လွှတ်ရန် RSF မှ တောင်းဆို၏။

**ဧပြီ ၈၊ Mizzima ။ ။** အဲန်အဲလ်ဒီသည် မိမိ၏ ၁၈၊ ၀၉၊ ၂၀၀၈ စက်တင်ဘာ ၉ အထူးကြေညာချက်ကို အသေးစိတ်ပြန်လည် သုံးသပ်နေကြောင်း။

**ဧပြီ ၈၊ Irrawaddy ။ ။** နအဖသည် လက်နက်ကိုင်အဖွဲ့အားလုံးနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ချုပ်ဆိုသင့်သည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီး Kasit Piromya နှင့် တွေ့ပြီးနောက် ကေအင်ယူအတွင်းရေးမှူး Zipporah Sein မှဆို၏။

**ဧပြီ ၈၊ Irrawaddy ။ ။** ဝ ပြည်နယ်အစိုးရဟု သုံးလာသည့် ဝ တပ် UWSA သည် မြန်မာတပ်နှင့် အပစ်အခတ်ရပ်စဲရေး အနှစ် ၂၀ ပြည့်အထိမ်းအမှတ် ကျင်းပမည်။

**ဧပြီ ၈၊ Nation, BKK ။ ။** နအဖသည် လူ့အခွင့်အရေးလေးစားလာခြင်း၊ အဲန်အဲလ်ဒီနှင့်ပြည်သူ၏တောင်းဆိုမှုများကို လေးစားလုပ်ကိုင်လာလျှင် နအဖအပေါ် ကမ္ဘာမှကန့်သတ်ပိတ်ပင်မှုများ ရုပ်သိမ်းသင့်က ရုပ်သိမ်းသင့်ကြောင်း နအဖထံ အိပ်ဖွင့်ပေးစာတွင် ရှစ်လေးလုံးမျိုးဆက်အဖွဲ့ မှဆို၏။

**ထငဧပြီ ၈၊ Enquirer ။ ။** မြန်မာ၏ ရွှေဝါရောင်တော်လှန်ရေး၊ တိဘက်၊ မော်လ်ဒေးဗီးယားစသည်တို့မှ လူများသည် လက်ကိုင်ဖုံးစသည့် အိုင်တီပညာပြန့်ပွားတိုးတက်မှုအကူဖြင့် ဆန္ဒပြလှုံ့ဆော်နိုင်ခဲ့သလို ရှေ့တွင်လည်း လိုအပ်ချက်နိယာမအရ ရရာတော်လှန်ရေးအထောက်အကူပြုကိရိယာလက်နက်ဖြင့် လူထုအင်အားစည်းရုံးအုံကြွအောင်မြင်ဦးမည်ဟု အယ်ဒီတာ Ray Cooklis မှ သတင်းသုံးသပ်၏။

**ဧပြီ ၉၊ TKY ။ ။** ဂျပန်သည် နအဖအား စစ်အဖွဲ့အသို့အကူအညီအားလုံး ရပ်ဆိုင်းပြီး နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်၍ လွတ်လပ်စွာမဲပေးနိုင်သည့် ရွေးကောက်ပွဲကျင်းပရန် နအဖအားဖိအားပေးရန် ဂျပန်ဝန်ကြီးချုပ် Taro Aso သို့ အိပ်ဖွင့်စာတွင် Human Rights Watch မှ ဆို၏။

**ဧပြီ ၉၊ PATTAYA ။ ။** တရုတ်၊ ဂျပန်နှင့် တောင်ကိုးရီးယားတို့၏ အကူအညီပါသော ဒေါ်လာ ၁၂၀ ဘီလီယံ၊ အာဆီယံအရေးပေါ်ရံပုံငွေတွင် အာဆီယံသည် ၂၀ ရာနှုန်းထည့်ဝင်ရန် အဆုံးသတ်ညှိနှိုင်းခဲ့ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး Korn Chatikavanij မှဆို၏။

**ဧပြီ ၉၊ Spartanburg Herald ။ ။** USCB မှ Patrick Cook-Deegan သည် မြန်မာအရေး ယနေ့ (နျူးယောက်ရှိ) တက္ကသိုလ်တွင် ဟောပြောမည်။

**ဧပြီ ၉၊ Radio NZ ။ ။** လစာပြဿနာဆန္ဒပြ မြန်မာလုပ်သားများအား အလုပ်မှ ၁၃ ပတ် ရပ်နားခဲ့မှုတွင် လူမျိုးခွဲခြားမှုမပါကြောင်း အလုပ်နှင့်ဝင်ငွေ ဝန်ကြီး မှဆို၏။

**ဧပြီ ၉၊ MNL Bulletin ။ ။** ၁၉၉၇ အာဆီယံအဖွဲ့ဝင်ဖြစ်ကတည်း မြန်မာသည်ဒီမိုကရေစီသို့ဦးတည်ရန် ကတိသည် ယခုတိုင်အကောင်အထည်မပေါ်သေး၍ နအဖသည် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးအားလွှတ်၍ အဲန်အဲလ်ဒီအား ဗိုလ်ကျချုပ်ချယ်ခြင်းများရပ်ဆိုင်းကာ သန့်ရှင်းလွတ်လပ်သောရွေးကောက်ပွဲကျင်းပကာ အာဆီယံလူ့အခွင့်အရေးအဖွဲ့ AHRB ၏ ဂုဏ်သိက္ခာကို မြှင့်တင်၍ ကမ္ဘာသို့သက်သေပြသင့်ကြောင်း ဖိလစ်ပိုင်မှဆို၏၊ သို့မှသာအဖွဲ့၏ အမည်စစ်ဖြစ်သော–အာဆီယံ(တွင်း)လူ့ အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးကောင်စီနှင့် သဟဇာတကျပေမည်။

**ဧပြီ ၉၊ BRUSSELS ။ ။** မတ် ၂၅ တွင် ပြီးဆုံးသည့် FTUB ပထမအကြိမ် နိုင်ငံလုံးကြွတ်အစည်းအဝေးသို့တက်ခဲ့သော ဦးဇော်မြင့်အောင်(၄၉) တောင်ဥက္ကလာ၊ ဦးစိုးဦး(၃၇)စက်ရုံလုပ်သားရွှေပြည်သာ၊ မောင်ထွန်းညိန်း(၂၂)၊ လှိုင်သာယာ ရွှေနှင်းဆီအထည်စက်၊ မခိုင်လင်းမြတ်(၂၂) လုပ်သား၊ UMHအထည်စက်, မခိုင်ရီညွန့်(၂၅) ဥပဒေကျောင်းသူ) တို့အား ဖမ်းခဲ့မှုအတွက် နအဖအား ITUC မှပစ်တင်ဝေဖန်၏။

**ဧပြီ ၉၊ Mizzima ။ ။** ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် နအဖဗိုလ်ချုပ်သန်းရွှေထံ ယနေ့ထပ်မံအယူခံတင်သွင်းမည်ဟု ရှေ့နေဦးကြည်ဝင်းမှဆို၏။

**ဧပြီ ၉၊ Mizzima ။ ။** မြန်မာသို့အထူးသံခန့်အပ်ရန် ကွန်ဂရက်အမတ် ၁၇ ဦးမှ အမေရိကန်နိုင်ငံခြားရေးတာဝန်ခံ ဟီလရီကလင်တန်ထံ လက်မှတ်ထိုး တိုက်တွန်း၏။

**ဧပြီ ၉၊ Irrawaddy ။ ။** ယခုနှစ်သင်္ကြန်တွင် သကြားမင်းသည် ဆင်းလာမည်မဟုတ်ကြောင်း၊ အင်္ဂါသားသမီးများသည် ကောင်းသော ကာယကံကြောင့် လေးစားခံရမည်၊ သို့သော် ဆောလျင်သောဆုံးဖြတ်ချက်များကြောင့် တပါးသူမှ နားလည်လွဲမည်ဟု သင်္ကြန်စာများမှဆို၏။

**ဧပြီ ၉၊ Irrawaddy ။ ။** လမ်းထွက်ဆန္ဒပြမရလျှင် အာဏာရှင်စနစ်ကို ဖြုတ်ချသည့် အခြားနည်းရှိကိုရှိရမည်၊ သို့မဟုတ် ပေါ်လာရမည်ဟု Lech Waesa မှ ဧရာဝတီ၏ မေးမြန်းချက်ကို ဖြေကြောင်း အယ်ဒီတာအောင်ဇော်မှ သတင်းဝေဖန်၏။

**ဧပြီ ၉၊ DVB ။ ။** တနင်္သာရီတိုင်း ထိုင်းမြန်မာနယ်စပ်တွင် နအဖသည် တပ် ၃ တပ်ပို့၍ ကေအင်ယူ၏ KNLA အား တိုက်နေခြင်းသည် ပင်လယ်ဆိပ်ကမ်း ဆောက်ရန်

**စာမျက်နှာ ၁၂ သို့**

# ကေအဲန်ယူနဲ့ နအဖ တိုက်ပွဲဖြစ်

**DVB ၊ ဧပြီလ ၆ ။ ။** ထိုင်း–မြန်မာနယ်စပ်မှာ မြန်မာစစ်အစိုးရတပ်ဖွဲ့တွေနဲ့ ကေအန်ယူ ကရင့်အမျိုးသားစည်းရုံးရေးတပ်တွေ တိုက်ပွဲဖြစ်ပွားနေပါတယ်။

ပြီးခဲ့တဲ့ စနေနေ့မနက်ပိုင်းမှာ စစ်အစိုးရ ခြေမြန်တပ်ရင်း ၃၅၆ နဲ့ ဒီကေဘီအေတပ်ရင်း ၉၀၇ တို့က ကေအန်ယူရဲ့တပ်ရင်း ၂၀၁ က ဝေါ်လေခီးစခန်းရဲ့ ရှေ့တန်းစခန်းတခုကို သိမ်းပိုက်ခဲ့ပါတယ်။ စနေနဲ့ တနင်္ဂနွေ ၂ ရက်လုံး ၂ ဘက် တိုက်ပွဲတွေဖြစ်ပွားနေပြီး ဒီနေ့မှာ ဝေါ်လေခီးစခန်းကို ချီတက်တိုက်ခိုက်ဖို့ စစ်ကြောင်းတွေပြင်ဆင်နေပါတယ်။ အခုကျသွားတဲ့စခန်းကိုလည်း ဒီကေဘီအေတပ်တွေက ထိုင်းနယ်မြေဘက်ကဝင်ပြီး နောက်ကနေ အလစ်ဝင်ရောက်တိုက်ခိုက်ခဲ့တာလို့ ကေအန်ယူတပ်ရင်း ၂၀၁ ရဲ့ ရုံးထိုင်မှူးဗိုလ်ကြည်အောင်ကပြောပါတယ်။

“မနေ့ကတိုက်ပွဲက ပြန်းကနဲတော့မသိဘူး။ ဒါပေမယ့် သေနတ်သံကြားတဲ့အချိန်မှာ ရှေ့တန်းရှိတဲ့ ရဲဘော်တွေမေးကြည့်တော့ ဒီကေဘီအေကဝင်ပစ်တယ်တဲ့။ ထိုင်းနိုင်ငံဘက်ကပတ်လာပြီးတော့ ဝင်ပစ်တာ။”

ကေအန်ယူဘက်ကတော့ ဒီဝေါ်လေခီးစခန်းဟာ စီးပွားရေးနဲ့စစ်ရေး မဟာဗျူဟာအရ အရေးပါတဲ့အတွက် ဒီစခန်းကို စစ်အစိုးရရော ဒီကေဘီအေကပါ အရယူချင်နေတာလို့သိရပါတယ်။ မြန်မာစစ်အစိုးရဟာ ၂၀၁၀ ရွေးကောက်ပွဲ မတိုင်မီ ကေအန်ယူနဲ့အပစ်အခတ် ရပ်စဲနိုင်ရေးအတွက် ထိုင်းအစိုးရကို ကြားဝင်စေ့စပ်ခိုင်းဖို့ကြိုးစားနေပါတယ်။

ကေအင်ယူရဲ့ ဒု–ဥက္ကဌ ဖဒိုဒေးဗစ်တာကပေါ ထိုင်းဝန်ကြီးချုပ်နဲ့ ဘန်ကောက်မှာ ဒီနေ့တွေ့ဆုံနေတယ်ဆိုတဲ့သတင်းတွေ ဖြစ်ပေါ်နေပါတယ်။ အခု ပြုလုပ်နေတဲ့ စစ်အစိုးရရဲ့ထိုးစစ်ဟာ ၂၀၁၀ ရွေးကောက်ပွဲနဲ့ဆက်စပ်ပြီး ဖိအားပေးတဲ့အနေနဲ့ ပြုလုပ်နေတာလို့ စောင့်ကြည့်လေ့လာသူတွေကပြောပါတယ်။ စစ်အစိုးရရဲ့ မြန်မာ့အလင်းသတင်းစာမှာ ကေအင်ယူအဖွဲ့က မကြာသေးခင်က စစ်အစိုး ရနဲ့ပူးပေါင်းသွားတဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့ ကေအင်ယူ ခေါင်းဆောင်ဗိုလ်ချုပ်ကြီးစောဘိုမြရဲ့ သားအငယ်ဆုံး ဗိုလ်ကြီးအဆင့်ရှိစောနေစိုးမြနဲ့ တပ်သား ၁၅၀ခန့်ဟာ သူတို့လက်နက်တွေကို ဆက်ကိုင်ဆောင်ထားမယ်ဆိုတာ ဖော်ပြခဲ့ပါတယ်။

စောနေစိုးမြအဖွဲ့နဲ့ပါဆိုရင် စစ်အစိုးရနဲ့ပူးပေါင်းနေတဲ့ ကရင်လက်နက်ကိုင် ၃ ဖွဲ့ရှိနေပါပြီ၊ ဒီသုံးဖွဲ့စလုံးဟာ ကေအင်ယူရဲ့မဟာဗျူဟာအချက်အလက်များကို သိထားကြသူတွေပါ၊ စစ်အစိုးရအနေနဲ့ကတော့ သူတိုကိုအသုံးပြုပြီး အခုလို မဟာဗျူဟာကြတဲ့ ဝေါ်လေခီးစခန်းကိုတိုက်ခိုက်ဘို့ပြင်တာလို့ စစ်ရေးအကဲခတ်တွေက ဆိုပါတယ်ခင်ဗျာ။

# ယခုနှစ်သင်္ကြန်စာ အဓိပ္ပါယ်နှစ်မျိုးဖော်ပြ

**Irrawaddy ၊ ဧပြီလ ၇ ။ ။** မကြာမီကထုတ်ဝေလိုက်သော သင်္ကြန်စာ တွင် မြန်မာပြည်သည် လာမည့်နှစ်အတွင်း ကြမ္မာဆိုးများကိုကြုံတွေ့ရမည်ဟု ဖော်ပြထားသကဲ့သို့ အေးချမ်းသာယာပြီးဖွံ့ဖြိုးမည်ဟုလည်း ရေးသားထားသည်။

ထိုသို့အဓိပ္ပါယ်နှစ်မျိုးဖော်ပြထားခြင်းမှာ သင်္ကြန်စာပြုစုသူပညာရှင်များက လွတ်လပ်စွာရေးသားတွက်ချက်ခွင့်မရသောကြောင့်ဖြစ်မည်ဟု အကဲခတ်များ၊ ဗေဒင်ကျွမ်းကျင်သူများကသုံးသပ်နေကြသည်။ အစိုးရက နိုင်ငံတကာရေးရာများတွင် အခက်အခဲများကိုကျော်ဖြတ်ပြီးအောင်မြင်မည်ဟု တန်ခူး၊ နယုန်၊ ဝါခေါင်၊ ပြာသို၊ တပေါင်း စသည့်လများအတွက် ဟောကိန်းများတွင်ဖော်ပြထားသည်။

လာမည့် တော်သလင်း ၂၀၀၉ ခုနှစ်၊ ဩဂုတ်လတွင် “အင်တာနက်၊ ကွန်ပြူတာ၊ တယ်လီဖုန်းနှင့်ဆက်သွယ်ရေးလုပ်ငန်းများအောင်မြင်အံ့” ဟုဖော်ပြထားသည်။ လ အလိုက်ဟောကိန်းများအရ နှစ်သစ်တွင် နိုင်ငံ၊ အုပ်ချုပ်သူ၊ ပြည်သူတို့သည် ဖွံ့ဖြိုးတိုးတက်မှု၊ သာယာအေးချမ်းမှုများကို ကြုံတွေ့ရမည်ဟုဆိုသည်။ သို့သော်လည်း သင်္ကြန်စာ၏ပထမပိုဒ်တွင် “ပဒေသရာဇ်စနစ်ဖြင့်အုပ်ချုပ်သော နိုင်ငံများ ပျက်စီးအံ့” ဟုရေးသားထားသည်။

“စစ်အာဏာရှင်ဆိုတဲ့စကားလုံးကိုမသုံးချင်လို့ ပဒေသရာဇ်ဆိုတဲ့ စကားလုံးကို သုံးလိုက်တာလို့ယူဆပါတယ်။” ဟု သင်္ကြန်စာနှစ်စဉ်ဖတ်ရှုသော ရန်ကုန်မှစာရေးဆရာတဦးက ပြောပါသည်။ “တကယ်တွက်ချက်မိတဲ့အတိုင်း ရေးလိုက်လို့ကတော့ ဆင်ဆာဖြတ်ခံရမှာဘဲ။ ပြီးတော့ သင်္ကြန်စာကို အစိုးရရေးစေချင်တဲ့အတိုင်း ရေးပေးနေရတာကြာပါပြီ။” ဟု ရွှေတိဂုံဘုရားမှဗေဒင်ဆရာတဦးကဆိုသည်။ သင်္ကြန်စာကို မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့က တနှစ်တကြိမ် ရေးသားထုတ်ဝေလေ့ရှိသည်။ သို့သော်လည်း ယခုနှစ်တွင်ထုတ်ဝေသော သင်္ကြန်စာ၏ထိပ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် စီစဉ်တွက်ချက်ပြုစုကြောင်း ဖော်ပြထားသည်။

“ရေးရတာမလွတ်လပ်ဘူးဆိုတဲ့သဘောကို သင်္ကြန်စာဖတ်သူတွေသိစေချင်လို့ ဝန်ကြီးဌာနကကြီးကြပ်တယ်ဆိုတာကို တမင်သက်သက်ထည့်ထားတာဖြစ်မယ်” ဟု ရန်ကုန်မှဗေဒင်ဆရာတဦးကပြောပါတယ်။ ဗေဒင်ပညာရှင်များက နှစ်စဉ်ရေးသားပြုစုသော သင်္ကြန်စာကို မြန်မာပြည်သားအများအပြားက အလေးအနက်ထားဖတ်ရှုလေ့ရှိသည်။ သင်္ကြန်စာတွင် ရာသီဥတုအခြေအနေများ သီးနှံဖြစ်ထွန်းမှုအခြေအနေများနှင်ပတ်သက်ပြီး ကြိုတင်ခန့်မှန်းချက်များ ပါဝင်လေ့ရှိသဖြင့် တောင်သူလယ်သမားများက ဝယ်ယူဖတ်ရှုလေ့ရှိသည်။

သင်္ကြန်စာကို “နှစ်ကူးမည့် နေ့ ရက် ချိန်ခါနှင့် နှစ်သစ်တွင်ဖြစ်ပေါ်မည့် မိုးလေဝသ၊ သီးနှံထွက် စသည့်အခြေအနေများကို ဟောထားသောစာတမ်း” ဟု ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ကထုတ်ဝေသည့် မြန်မာအဘိဓာန်က အဓိပ္ပါယ်ဖွင့်ထားသည်။ သင်္ကြန်စာသည် မြန်မာ့ယဉ်ကျေးမှုနှင့် ဟိန္ဒူအယူဝါဒတို့ရောထွေးပြီး မြန်မာနိုင်ငံသို့ရောက်လာခြင်းဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်းက ဆိုပါ သည်။

“ဗေဒင်ပညာရှိပုဏ္ဏားတို့သည် မြန်မာဘုရင်များလက်အောက်တွင် ဝင်ရောက်အမှုထမ်း၍ သင်္ကြန်တွက်ရိုးကျမ်း၊ ဝေဒင်္ဂကျမ်း၊ အသိတိခေတ်ကျမ်း၊ စသည် တို့ဖြင့် မဟာသင်္ကြန်စာများကထုတ်ကာ စီးပွားရှာခဲ့ကြ၏။” ဟု မြန်မာ့စွယ်စုံကျမ်းတွင်ဖော်ပြထားပါသည်။

# မြန်မာနိုင်ငံကိုပိတ်ဆို့ အရေးယူရေး လောလောဆယ် ဂျပန်ကျင့်သုံးရန်မရှိ

**RFA ၊ ဧပြီလ ၁၀ ။ ။** မြန်မာနိုင်ငံမှာ အများလက်ခံပြီး စစ်မှန်တဲ့ဒီမိုကရေစီ ပေါ်ထွန်းလာရေးအတွက် ဂျပန်နိုင်ငံအနေနဲ့ မြန်မာစစ်အစိုးရကို တာဝန်ယူတိုက် တွန်းသင့်တယ်ဆိုတဲ့ နိုင်ငံတကာမိသားစုရဲ့တောင်းဆိုချက်ကို ဂျပန်အစိုးရက အလေးအနက်ထားစဉ်းစားနေပေမဲ့ အနောက်အုပ်စုဝင်တွေလို မြန်မာနိုင်ငံကို ပိတ်ဆို့အရေးယူရေးဆိုတဲ့မူဝါဒကို ကျင့်သုံးဖို့မရှိဘူးလို့ ဂျပန်နိုင်ငံခြားရေးဌာန အဆင့်မြင့်အရာရှိတဦးက ပြောပါတယ်။

မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးဟာ အရေးကြီးတဲ့ဖြစ်စဉ်လို့ ဂျပန်နိုင်ငံက ခံယူထားတဲ့အကြောင်း၊ ဂျပန်နိုင်ငံခြားရေးဌာနအဆင့်မြင့်ကိုယ်စားလှယ်တွေနဲ့ မြန်မာစစ်အစိုးရကိုယ်စားလှယ်တွေတွေ့ဆုံပြီး အများလက်ခံပါဝင်နိုင်မယ့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွေလုပ်သွားဖို့ စဉ်ဆက်မပြတ်တိုက်တွန်းနေကြောင်း၊ ဂျပန်နိုင်ငံအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးကိုလိုလားပါကြောင်း၊ လာမယ့် ၂၀၁၀ ရွေးကောက်ပွဲမှာ အများပါဝင်ခွင့်ရှိအောင် မြန်မာစစ်အစိုးရအနေနဲ့ ဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ထားကြောင်း နိုင်ငံခြားရေးဌာနအရာရှိက ရှင်းပြပါတယ်။

ဂျပန်အစိုးရဟာ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးကို လိုလားတယ်ဆိုပေမဲ့ မြန်မာအကျဉ်းထောင်တွေထဲမှာ နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်ရှိနေတာနဲ့ ပတ်သက်လို့ မြန်မာစစ်အစိုးရကို ဖိအားပေးတောင်းဆိုတာမျိုး မရှိသေးတာကို တွေ့ရပါတယ်။

# သတင်းတိုထွေးဖတ်စရာကဏ္ဍ ကျော်စိံတွေး




## မိသားစုလိုက်အဆုံးစီရင်ခြင်း

ညောင်လေးပင်မြို့နယ်ကိုင်းနားကျေးရွာက လယ်သမားမိသားစုတစုဟာ လယ်ကြွေးမဆပ်နိုင်တဲ့အတွက် ဧပြီ ၈ ရက်နေ့က တမိသားစုလုံးကိုယ့်ကိုယ်ကို သတ်သေခဲ့ကြတယ်လို့ သိရပါတယ်။ ၃ နှစ်ဆက်တိုက်ရာသီဥတုမကောင်းတာနဲ့ လယ်ယာထွက်ပစ္စည်းတွေဈေးကျဆင်းလို့ အရင်ယူထားတဲ့အကြွေးအပေါ် အကြွေးထပ်တင်တာကြောင့် အခုလိုဖြစ်ခဲ့ရတာပါ။ **(BBC, 10.4.2009)**

## မုန်တိုင်းကယ်ဆယ်ရေးစေတနာ့ဝန်ထမ်းများကို အထူးတရားရုံးက စီရင်ချက်ချ

**RFA । ဧပြီ ၁၀ ။** ။ နာဂစ်မုန်တိုင်းကြောင့် သေဆုံးသူတွေရဲ့အလောင်းတွေ ကို မီးသဂြိုဟ်ရေးလုပ်ငန်းတွေလုပ်ကိုင်ပေးခဲ့သူ ဒေါက်တာနေဝင်းပါ ခြောက်ဦးကို အင်းစိန်ထောင် အထူးတရားရုံးက ထောင် ၂ နှစ်ကနေ ၄ နှစ်အထိ အသီးသီး ချမှတ်လိုက်တယ်လို့ သိရပါတယ်။ သူတို့ကို အသင်းအဖွဲ့ပုဒ်မအပြင် ၈၈ မျိုးဆက်ကျောင်းသားတွေရဲ့လှုပ်ရှားမှုတွေကို အကူအညီပေးတဲ့အမှုတွေနဲ့အပြစ်ပေးလိုက်တာဖြစ်ပါတယ်။

ဒီအမှုကိုလိုက်ပါဆောင်ရွက်ပေးတဲ့ ရှေ့နေဦးခင်မောင်မြင့်က အခုလိုပြောပြပါတယ်။

"နာဂစ်လေလေဘေးကယ်ဆယ်ရေးနဲ့ ကြွင်းကျန်တဲ့အလောင်းတွေကို သဂြိုဟ်ရေးလုပ်တာကို စွဲဆိုတဲ့ပုဒ်မက ဒါတွေဟာ ဗကသရဲ့လှုပ်ရှားမှုဖြစ်တယ်၊ ဒီအပေါ်မှာ ကိုနေဝင်း၊ ကိုအောင်ကျော်ဆန်းနဲ့ ကိုဖုန်းပြည့်ကြွယ်တို့က အားပေးတယ်ဆိုပြီး ပုဒ်မ ၇ အရ စွဲထားတာ"

ဒေါက်တာနေဝင်း၊ ကိုဖုန်းပြည့်ကြွယ်၊ ကိုအောင်ကျော်ဆန်းတို့ကို ပုဒ်မ ၇ အရ ထောင်ဒဏ် ၂ နှစ်စီအပြစ်ပေးလိုက်ပြီး ဒေါက်တာနေဝင်းရဲ့သမီး မဖြိုးဖြိုးအောင် အပါအဝင် ကိုအောင်သန့်ဇင်ဦးနဲ့ ရှိန်းရာဇာထွန်းတို့ကိုတော့ ပုဒ်မ ၆ အရ ထောင်ဒဏ် ၄ နှစ် နှင့် ပုဒ်မ ၇ အရ ၂ နှစ်၊ ပြစ်မှုနှစ်ရပ် တပေါင်းတည်း ပြစ်ဒဏ် ၄နှစ်စီ အသီးသီး အပြစ်ပေးလိုက်တာဖြစ်ပါတယ်။

ဒီအမှုနဲ့ပတ်သက်ပြီး ပထမပိုင်းက အင်းစိန်ထောင် အထူးတရားရုံးအတွင်း ရှေ့နေ ဝင်ခွင့်မပေးခဲ့ဘူးလို့ သိရပါတယ်။ အလားတူ နာဂစ်မုန်တိုင်းကယ်ဆယ်ရေးလုပ်ကိုင်ခဲ့သူ ၄ ဦးဖြစ်တဲ့ မတင်တင်ချို၊ မယဉ်ယဉ်ဝိုင်း၊ မနီမိုလှိုင်နဲ့ ကိုမြတ်သူတို့ကို အလားတူ အသင်းအဖွဲ့ပုဒ်မများနဲ့ မတ်လ ၂၃ ရက်နေ့က ထောင်ဒဏ် ၃ နှစ်စီ အသီးသီးအပြစ်ချမှတ်ခဲ့ပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ကိုမင်းသိန်းထွန်းကိုတော့ တရားမဝင်နယ်စပ်ဖြတ်ကျော်မှုနဲ့ မတ်လအတွင်းက ထောင်ဒဏ် ၁၇ နှစ် ချမှတ်လိုက်တာဖြစ်ပါတယ်။

## ခြိမ်းခြောက်မှုအသစ်

နအဖစစ်အာဏာပိုင်တွေက နိုင်ငံရေးအကျဉ်းသားများရဲ့မိသားစုတွေကို သူတို့ရဲ့သွေးချင်းတွေထောင်ထဲမှာကြုံတွေ့ရတဲ့အခြေအနေတွေကို ပြည်ပသတင်းဌာနတွေသိအောင်ပြောဆိုတာမျိုးလုပ်ရင် ကာကယကံရှင် နိုင်ငံရေးအကျဉ်းသားတွေကို ဝေးလံတဲ့ထောင်တွေဆီပို့ပစ်မယ်လို့ ခြိမ်းခြောက်တာမျိုးတွေလုပ်နေတယ်လို့ သိရပါတယ်။ **(RFA, 12-.4.2009)**

## နအဖ၏ကုလသံအသစ်

စစ်အာဏာပိုင်တွေက ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံသံအမတ်အဖြစ် ယခင်တုန်းက နယ်စပ်ဒေသနဲ့တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှာ ဒုတိယညွှန်ကြားရေးမှူးလုပ်ခဲ့တဲ့ ဦးသန်းဆွေကို သံအမတ် ဦးကျော်တင့်ဆွေနေရာမှာ အစားထိုးခန့်ထားလိုက်တယ်လို့ သိရပါတယ်။ ကုလသံအမတ်ဟာ နအဖရဲ့လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ကာကွယ်ပြောဆိုရတဲ့ ခံစစ်မှူးတဦးဖြစ်ပါတယ်။ **(BBC, 9.4.2009)**

## လွဲမှားစွာတရားစီရင်ပုံကို လူ့အခွင့်အရေးကော်မရှင် ထောက်ပြ

**RFA । ဧပြီ ၉ ။** ။ ဆဲဗင်းဒေးသတင်းဂျာနယ် သတင်းထောက် ကိုအောင်မြင့်ထွန်းကို ဖမ်းဆီးထောင်ချထားတဲ့အမှုမှာ ဖမ်းဆီးစဉ်ကတမှုဖြစ်ပြီး အပြစ်ပေးထောင်ချတဲ့အခါ အခြားတမှုဖြစ်နေကြောင်းနဲ့ သက်သေအထောက်အထားခိုင်လုံမှုမရှိပဲ အပြစ်ပေးထောင်ချတာဖြစ်ကြောင်း အာရှလူ့အခွင့်အရေးကော်မရှင်က ဧပြီ ၉ ရက်နေ့မှာ ထုတ်ပြန်ကြေညာလိုက်ပါတယ်။

ဒါကြောင့် သတင်းထောက် ကိုအောင်မြင့်ထွန်းကိုပြန်လွှတ်ပေးရမယ်လို့ အာရှလူ့အခွင့်အရေးကော်မရှင်က တောင်းဆိုထားပါတယ်။

ကိုအောင်မြင့်ထွန်းကိုဖမ်းဆီးစဉ်က မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာ စိုက်ပျိုးရေးဝန်ထမ်းမဲရုံမှာ ၂၀၀၈ မေလ ၁၁ ရက်နေ့တုန်းက မဲရုံကို ဓာတ်ပုံရိုက်တယ်ဆိုပြီး မှော်ဘီရဲစခန်း တာဝန်ရှိသူက ဖမ်းဆီးသွားခဲ့ပါတယ်။ အဲဒီနောက် ခရိုင်လုံခြုံရေးအဖွဲ့ကလာရောက်ခေါ်ယူသွားပြီး ၅ ရက်လောက် ချုပ်နှောင်စစ်ဆေးခဲ့ပါတယ်။

ကိုအောင်မြင့်ထွန်းကို စစ်ဆေးရှာဖွေစဉ် ထိုင်းမြန်မာနယ်စပ်မြဝတီမြို့က တယ်လီဖုန်းနံပတ်ပါလိပ်စာကဒ်ပြားတခုကိုတွေ့ရှိခဲ့တဲ့အတွက် ထိုင်း–မြန်မာနယ်စပ်ကို တရားမဝင်ဖြတ်ကျော်တယ်ဆိုပြီး အမှုဆင်စွပ်စွဲခဲ့တာသာဖြစ်ကြောင်း အာရှလူ့အခွင့်အရေးကော်မရှင်ရဲ့ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

တကယ်တမ်းမှာ ကိုအောင်မြင့်ထွန်းဟာ ဆဲဗင်းဒေးဂျာနယ်အတွက် ပြီးခဲ့တဲ့ ၂၀၀၈ မေလအတွင်းက စစ်အစိုးရရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲမှာ မှော်ဘီမြို့ တပ်ကြီးကုန်းက မဲရုံကို ဓာတ်ပုံရိုက်ဖို့ သွားရောက်ခဲ့ခြင်းဖြစ်ပါတယ်။

ဆဲဗင်းဒေးသတင်းဂျာနယ်ဟာ မြန်မာနိုင်ငံမှာတရားဝင်မှတ်ပုံတင်ထားပြီး တရားဝင်ထုတ်ဝေနေတဲ့သတင်းဂျာနယ်တစောင်ဖြစ်တာကြောင့် အခုလို ဓာတ်ပုံရိုက်ယူတဲ့သတင်းထောက်ကို ဖမ်းဆီးစရာအကြောင်းမရှိသလို တရားရုံးမှာလည်း သက်သေအထောက်အထားမရှိပဲနဲ့ ထောင်ဒဏ် ၃ နှစ် အပြစ်ပေးတာဟာ တရားမဝင်တဲ့အတွက် ပြန်လွှတ်ပေးရမှာဖြစ်ကြောင်း အာရှလူ့အခွင့်အရေးကော်မရှင် ကြေညာထားတာဖြစ်ပါတယ်။

# မန္တလေးသင်္ကြန်မှာ ယခုနှစ် သံချပ်မထိုးရဟု နအဖပိတ်ပင်

**DVB ၊ ဧပြီလ ၁၀ ။** ။ မကြာခင်ကျရောက်တော့မယ့်သင်္ကြန်မှာ လူငယ်အများစုကတော့ အရင်နှစ်တွေအတိုင်း ရေပက်ခံထွက်လည်ဖို့ ပြင်ဆင်နေပါတယ်။ သင်္ကြန်လည်ဖို့ပြင်ဆင်နေသလို သင်္ကြန်ပြီးသွားမှာကိုတောင် စိုးရိမ်နေသူလူငယ်တွေလည်း ရှိနေကြောင်း မန္တလေးမြို့ခံ လူငယ်တဦးက ပြောပါတယ်။

“ကျနော့်စိတ်ထဲမှာတော့ သင်္ကြန်ပြီးသွားတော့ စိတ်ညစ်ရတော့ သင်္ကြန်ကို မြန်မြန်မရောက်ချင်ဘူး။ မျှော်နေရတာကိုပဲ စိတ်ကျေနပ်နေတယ်။ ကျနော် ဆိုင်ကယ်နဲ့လည်မလို့ ပြင်ထားတယ်။ သူငယ်ချင်းတွေကတော့ ကားနဲ့လည်မယ်လို့ ပြောတယ်။“

လည်ဖို့ ဆိုင်ကယ်တောင် တရက်ကို ၃၅၀၀ နဲ့ ငှားထားပြီးပြီ၊ ဆီကတော့ ကိုယ့်ဘာသာဖြည့်ပေါ့။ ပိုက်ဆံက ၄ ရက်စာ ကြိုပေးထားရတယ်။ စပေါ်ငွေ တင်ထားရတယ်၊ မှတ်ပုံတင်ပေးထားရတယ်။ စာချုပ်နဲ့ငှားရတာ။

” နောက် မန္တလေးမြို့ခံ အမျိုးသမီးငယ်တဦးကတော့ ရေပက်ခံထွက်ဖို့ထက် ရေပက်မဏ္ဍပ်မှာ ရေကစားဖို့ တာစူနေတယ်လို့ ဆိုပါတယ်။ မန္တလေးကျုံးဘေးပတ်ပတ် ရေပက်ဖို့ စာရင်းပေးနေကြတာတွေရှိသလို သင်္ကြန်လည်ဖို့ကားငှားကြတာတွေ တပတ်စာစျေးဝယ်တာတွေနဲ့ မန္တလေးတမြို့လုံး စည်ကားနေ ပြီလို့လည်း အဲဒီမြို့ခံ အမျိုးသမီးငယ်က ပြောပါတယ်။ “

တမြို့လုံး တက်ကြွနေကြပြီပေါ့။ မန္တလေးမှာ မစည်ဘူးဆိုတာတော့ ထုံးစံမရှိဘူး။ မန္တလေးမှာ အဆိုတော်တွေ၊ တီးဝိုင်းတွေ လာမယ့် ကြီးကြီးမားမားကြီးတော့ သိပ်မရှိဘူးပေါ့။ မဏ္ဍပ်အသေးလေးတွေကတော့ ရဲလေး၊ စိုင်းစိုင်း၊ စန္ဒီမြင့်လွင် တို့လို ဟစ်ပ်ဟော့ အဖွဲ့တွေလောက်ပဲ လာမှာများတယ်။ အိုင်စီကလည်း တောင်ကြီးမှာဆိုတော့ ဒီကို မလာဘူးလေ။ နောက်ထပ်မန္တလေးမြို့ခံတဦးကတော့ ရာသီဥတုကပူ၊ မိုးကမလာ ရေလည်းမရတာကြောင့် မန္တလေးသင်္ကြန်မှာ ထူးထူးခြားခြား တနှစ်စာ ရေချိုးပစ်လိုက်မယ်လို့ ပြောပါတယ်။

“ကျုံးပတ်ပတ်လည်မှာ မဏ္ဍပ်တွေထိုးထားမယ်။ အဲဒီမှာ ရေစုပ်စက်တွေနဲ့ ကြိုက်သလောက်ပက်၊ တနှစ်လုံးရေမချိုးခဲ့တဲ့ဟာတွေ သင်္ကြန်တွင်းမှာ အဲဒီနားသွားပြီး ရေပက်ခံလိုက်မယ်။ တနှစ်စာ ချေးပြောင်သွားတာပေ့ါ။”

“ဆပ်ပြာကြော်ငြာ၊ ဆပ်ပြာမှုန့်ကြော်ညာတွေက မဏ္ဍပ်တွေနဲ့လုပ် ထားတာ။ အဲဒီကနေ ဆပ်ပြာတွေပေးတာဆိုတော့ ဆပ်ပြာလည်းတိုက်၊ ရေလည်းချိုး၊ တနှစ်စာပြီးရော။ အပေါ်ပြောတာ၊ ရယ်စရာပြောတာမဟုတ်ဘူး။”

အိမ်အပြင် မထွက်ပဲ ဟိုးတချိန်ကရှိခဲ့တဲ့ အလှပြကားတွေ သံချပ်ပြိုင်ပွဲတွေကိုပဲ ရော်ယမ်းမှန်းဆ တမ်းတငေးမိုင်နေမယ်လို့ ဆိုသူတွေကလဲ ဆိုပါတယ်။ ဒီအထဲမှာ မန္တလေးမြို့က လူရွှင်တော် ဦးပါပါလေးလဲ ပါဝင်ပါတယ်။ “

“သင်္ကြန်မှာ သံချပ်ကို လွမ်းတယ်။ မီးမလာတာ၊ ရေမလာတာလည်း ဘယ်သူ့ပြောရမှန်း မသိဘူး။ အဲတော့ ရင်ထဲမှာ မွန်းကျပ်နေတာလေ။ ပိုက်ဆံဆိုလည်း အကြွေအနုတ်အစုတ်တွေ သူများပေးတော့လည်း ယူရတာပဲ၊ ကိုယ်ကလည်း ပေးရတာပဲ။ ဒါလေးတွေကို ပြောချင်ဆိုချင်တာပေ့ါ။ တယောက်ယောက်က ပြောမယ်ဆိုရင်တော့ ကိုယ်ကလည်း အတွေ့အကြုံနဲ့ဆိုတော့ ရယ်ရ မောရတာပေ့ါလေ။ ရယ်ရ မောရတော့ အမောပြေတာပေ့ါ။ အခုတော့ သူ များပြောတာလည်း ကိုယ်က နားမထောင်ရ၊ ကိုယ်လည်းမပြောရ။ သူတို့လည်း မွန်းကျပ်နေသလို ဦးတို့လည်း မွန်းကျပ်နေတာပဲ။ အမွန်းအကျပ်ပြေအောင် ဒါလေးတွေ လွမ်းတာပါ။ သူတို့ကို ပြောင်မှာ၊ လှောင်မှာ၊ သူတို့မှားတာကို ပြောမှာစိုးလို့ အစိုးရက ခွင့်မပြုတာလေ။ ခွင့်မပြုတော့ သံချပ်ကပျောက်သွားပြီ”

မန္တလေးက လူရွှင်တော် နှုတ်ခမ်းမွေးလူမော်က ပြောပြတာဖြစ်ပါတယ်။ ဒီနှစ်အတွက် မန္တလေးကျုံးဘေးမှာ မဏ္ဍပ် ၅၈ ခုခန့်ဆောက်မှာဖြစ်ပြီး ကျုံးအရှေ့ဘက်ကို ၂၀ တောင်ဘက်ကို ၂၀ အနောက်ဘက်ကို ၁၇ ခုနဲ့ မြောက်ဘက်ကို မဏ္ဍပ် ၁ ခု ဆောက်လုပ်ဖို့ ပြင်ဆင်ထားပါတယ်။ မဏ္ဍပ်တွေမှာ တဦးကို ရေပက်ခတရက်ကို ၁ သောင်း ၁ သောင်း ၂ ထောင်ခန့်ရှိပြီး ၄ ရက်စာဆိုရင် ၃ သောင်းခွဲလောက် ပေးရတယ်လို့လည်း မြို့ခံတွေက ပြောပါတယ်။

---

## သတင်းပြက္ခဒိန်မှ

လမ်းခင်းခြင်းဖြစ်ကြောင်း။

**ဧပြီ ၁၀ ၊ PATTAYA ။ ။** အာဆီယံအဖွဲ့ သို့မိမိတို့၏အိမ်ဖွင့်ပေးစာကို လက်ခံမယူက အာဆီယံဆွေးနွေးပွဲကို ကျင်းပမရသည်အထိကြိုးပမ်းမည်ဟု ထိုင်းဆန္ဒပြသူ ၂၀၀၀–၃၀၀၀ ခန့်မှ ဆို၍ အာဆီယံသည် စာကိုလက်ခံကာ ဆန္ဒပြလူထုသည် ကတိအတိုင်း ဆန္ဒပြပွဲရပ်နားခဲ့ကြောင်း ဆန္ဒပြခေါင်းဆောင် Arisman Pongreungrong မှဆို၏။

**ဧပြီ ၁၀ ၊ Mizzima ။ ။ NLD** သည် နအဖ၏ ၂၀၁၀ ရွေးကောက်ပွဲနှင့် မြန်မာပြည်အခြေအနေများကို ဆွေးနွေးရန် ဧပြီ ၂၀–၂၉ တွင် နိုင်ငံလုံးကျွတ်ညီလာခံကျင်းပမည်။

**ဧပြီ ၁၀ ၊ WTN ။ ။** ဩစတြေးလျား မြန်မာနှစ်နိုင်ငံဆွေးနွေးပွဲတွင် လွတ်လပ်၍ ဒီမိုကရေစီကျသော မြန်မာဖြစ်ရေး ပူးပေါင်းဆောင်ရွက်ရန် နှစ်နိုင်ငံသဘောတူခဲ့၏။

**ဧပြီ ၁၀ ၊ DVB ။ ။** ဘိန်းစိုက်ပျိုးမှုမှ နအဖအမှုထမ်းများ ဝင်ငွေရနေကြောင်း လားဟူအမျိုးသားတိုးတက်ရေးအဖွဲ့ ့ LNDO မှဆို၏။

**ဧပြီ ၁၀ ၊ DVB ။ ။** မြန်မာအပေါ်ကျင့်သုံးသောပေါ်လစီကို ပြန်လည်သုံးသပ်မည်ဟု အမေရိကန်အထက်လွှတ်တော်နိုင်ငံခြားဆက်သွယ်ရေးကော်မတီမှဆို၏။

---

## စာမျက်နှာ ၂၂ မှ

ကျောင်းသားအဖွဲ့ရဲ့ ပြောခွင့်ရပုဂ္ဂိုလ် ကိုနေမျိုးကရှင်းပြခဲ့ပါတယ်။

VOA နဲ့ အမေးအဖြေပြုလုပ်ရာမှာ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုထွန်းမြင့်အောင်က

“ပြုပြင်ပြောင်းလဲမှုတွေကို ရှေ့တိုးလုပ်ဆောင်လာမယ်ဆိုရင် သူတို့ဘက်က ပိတ်ဆို့မှုတွေနဲ့ပတ်သက်ပြီး အပြောင်းအလဲချမှတ်ကျင့်သုံးမယ်ဆိုပြီး ဒီလိုအသံထွက်လာတယ်။ အဲဒီတော့ ဒီအခြေအနေတွေကို နအဖစစ်အစိုးရအနေနဲ့ ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်ပြီးတော့ တိုင်းပြည်မှာ ပြုပြင်ပြောင်းလဲမှုတွေကို လုပ်ခြင်းအားဖြင့် စီးပွားရေးပိတ်ဆို့မှုတွေကို ရုပ်သိမ်းသွားစေနိုင်ပါတယ်။ အခုအခြေအနေက အခွင့်အခါကောင်းပဲဖြစ်တယ်၊ ဒါကို ဆုပ်ကိုင်ပြီးတော့ စစ်အစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲမှုတွေလုပ်ခြင်းအားဖြင့် စီးပွားရေးပိတ်ဆို့မှုတွေကိုဖယ်ရှားပေးသွားနိုင်ပါတယ်“။

ဒါပေမဲ့ နိုင်ငံတချို့က ပိတ်ဆို့မှုဟာ ထိရောက်မှုမရှိဘူးလို့ ပြောဆိုနေကြသလို ပိတ်ဆို့မှုနဲ့ပတ်သက်ပြီး နိုင်ငံကြီးတွေကြားမှာလည်း အငြင်းပွားမှုတွေရှိနေပါတယ်။ ဒါဟာ လူ့အခွင့်အရေးချိုးဖောက်မှုတွေကြောင့်ဖြစ်လာတာမို့ လူ့အခွင့်အရေးကို လေးစားလိုက်နာတဲ့နိုင်ငံကြီးတွေကသာ စဉ်းစားရမှာဖြစ်ကြောင်းလည်း ပြောပါတယ်။ အဲဒါအပြင် မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုတွေမလုပ်ပဲနဲ့ ရင်းနှီးမြှုပ်နှံမှုတွေပဲ လုပ်လာမယ်ဆိုရင်တော့ ပြည်သူတွေအတွက် အကျိုးမရှိဘူးလို့ ကိုထွန်းမြင့်အောင်က ပြောပါသေးတယ်။

“နအဖနဲ့ပတ်သက်တဲ့ ကုမ္ပဏီကြီးတွေကနေပြီးတော့ပဲ အခြေခံပြည်သူလူထုဆီကနေ အမြတ်ထုတ်ချယ်လှယ်နေတယ်၊ အဲဒီတော့ မှန်ကန်တဲ့စီးပွားရေး၊ လွတ်လပ်စွာယှဉ်ပြိုင်တဲ့ဈေးကွက်ဆိုတာ ကျနော်တို့ဆီမှာ ဘာမှမရှိဘူး။ ဒီလိုအခြေအနေဆိုး၊ ရေခံမြေခံမကောင်းပဲနဲ့ စီးပွားရေးပိတ်ဆို့မှုတွေရုပ်သိမ်းမယ်ဆိုရင်လည်း၊ နိုင်ငံတကာအထောက်အပံ့တွေဝင်လာမယ်ဆိုရင်လည်း ကျနော်တို့လူထုအတွက် တစုံတရာအကျိုးရှိနိုင်မှာမဟုတ်ဘူးလို့ ကျနော်တို့မြင်နေတယ်၊ အဲဒီလိုပဲ ယုံကြည်ထားပါတယ်“

# မြန်မာနိုင်ငံတွင် လူသတ်မိုင်း အသုံးပြုနေဆဲ

**VOA ၊ ဧပြီလ ၃ ။**။ မြန်မာပြည်မှာ ပြည်တွင်းစစ်ဖြစ်ပွားနေတာ နှစ်ပေါင်းများစွာကြာခဲ့ပြီး ဒီပြည်တွင်းစစ်အတွင်းမှာ မြေမြှုပ်မိုင်းအသုံးပြုနေတာတွေ ဆက်လက်ရှိနေဆဲမို့ ဒေသတွင်းမြေမြှုပ်မိုင်းအသုံးပြုနေကြတဲ့နိုင်ငံတွေထဲက အဆိုးဆုံးနိုင်ငံတနိုင်ငံအဖြစ် မြန်မာနိုင်ငံကို မြေမြှုပ်မိုင်းပပျောက်ရေးလှုပ်ရှားသူများက ပြောဆိုလိုက်ကြပါတယ်။

ဘန်ကောက်မှာပြုလုပ်တဲ့ ၂ ရက်ကြာဆွေးနွေးပွဲမှာ ပါဝင်တက်ရောက်ကြသူ မိုင်းပပျောက်ရေးလှုပ်ရှားသူတွေက မြေမြှုပ်မိုင်းအသုံးပြုမှုတားဆီးရေးအတွက် မြန်မာနိုင်ငံမှာ အခုအချိန်အထိ အကောင်အထည်မဖော်နိုင်သေးဘူးလို့ ဝေဖန်လိုက်ကြပါတယ်။

မကြာသေးခင်နှစ်တွေမှာ မြေမြှုပ်မိုင်းကြောင့် ထိခိုက်သေဆုံးမှု အများအပြားရှိခဲ့တာ၊ နောက် မိုင်းအသုံးပြုမှုတားဆီးရေးနိုင်ငံတကာသဘောတူညီချက်ကို လက်မှတ်ရေးမထိုးထားတဲ့ အာရှ–ပစိဖိတ်ဒေသနိုင်ငံပေါင်း ၁၆ နိုင်ငံထဲမှာ မြန်မာနိုင်ငံလည်းပါဝင်နေတာမို့ အခုလိုပြောဆိုလိုက်တာပါ။ မိုင်းအသုံးပြုမှုတားဆီးရေးစာချုပ်ကို သဘောတူခဲ့ကြတဲ့ ၁၀ နှစ်ပြည့်အဖြစ် ဘန်ကောက်မြို့မှာ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံတွေက အစိုးရတာဝန်ရှိသူတွေ၊ မိုင်းပပျောက်ရေးလှုပ်ရှားသူတွေပြုလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲတွေမှာ မြန်မာနိုင်ငံက ပဋိပက္ခတွေမှာ ပါဝင်နေသူတွေအားလုံးအနေနဲ့ မိုင်းအသုံးပြုနေတာတွေကိုရပ်ဆိုင်းပြီး ရှိပြီးသားမိုင်းတွေကိုလည်း ရှင်းလင်းပစ်ဖို့ မိုင်းဒဏ်ခံရသူတွေကို အကူအညီပေးဖို့ကို တောင်းဆိုခဲ့တာပါ။

မြန်မာနိုင်ငံမှာက အစိုးရလက်နက်ကိုင်တပ်ဖွဲ့တွေရော၊ အစိုးရကို ပုန်ကန်နေတဲ့ အဖွဲ့အစည်းတွေကရော မြေမြှုပ်မိုင်းတွေကို အသုံးပြုနေဆဲဖြစ်တာမို့ ပြီးခဲ့တဲ့နှစ်တွေအတွင်း မြေမြှုပ်မိုင်းကြောင့် အနည်းဆုံး လူ ရာနဲ့ချီထိခိုက်ခဲ့တာတွေရှိတယ်လို့ နိုင်ငံတကာမြေမြှုပ်မိုင်းတားဆီးရေးလှုပ်ရှားမှုအဖွဲ့က မစ္စ မေရီဝဲဟမ်းက ပြောပါတယ်။

မြန်မာနိုင်ငံထဲက တကယ့်အခြေအနေကို လေ့လာစုံစမ်းဖို့ အခက်အခဲရှိနေတာမို့ ထိခိုက်မှုနဲ့ပတ်သက်တဲ့အချက်အလက်တွေကို ကျယ်ကျယ်ပြန့်ပြန့်မရနိုင်ပေမဲ့ စစ်ပွဲတွေဖြစ်နေတဲ့မြန်မာနိုင်ငံမှာ မြေမြှုပ်မိုင်းတွေကို အကြီးအကျယ်အသုံးပြုနေတာမို့ ထိခိုက်မှုတွေဟာ ဒီထက် အများကြီးပိုနိုင်တယ်လို့လည်း မိုင်းပပျောက်ရေးလှုပ်ရှားသူတွေက ဆိုကြပါတယ်။

မြန်မာအစိုးရဘက်ကတော့ လက်နက်ကိုင်အဖွဲ့အစည်း ၁၈ ခုရှိတဲ့အနက် ၁၇ ဖွဲ့နဲ့ ငြိမ်းချမ်းရေးရယူထားပြီးဖြစ်သလို ကျန်တဖွဲ့နဲ့လည်း ငြိမ်းချမ်းရေးရဖို့ ညှိနှိုင်းနေဆဲဖြစ်တာမို့ ပဋိပက္ခတွေလည်းမရှိ၊ မိုင်းထောင်ဖို့ဆိုတာလည်း ပြောစရာတောင်မလိုတော့ဘူးလို့ မနှစ်တုန်းက အင်ဒိုနီးရှားနိုင်ငံ ဘာလီမှာပြုလုပ်ခဲ့တဲ့ မြေမြှုပ်မိုင်းဆိုင်ရာ ဆွေးနွေးပွဲမှာ ပြောခဲ့ပါတယ်။ ဒါပေမဲ့လည်း အခြေအနေတွေက အခုအချိန်အထိ တိုးတက်မှုမရှိလာသေးဘူးလို့ မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့ ညှိနှိုင်းရေးမှူးတဦးဖြစ်တဲ့ မစ္စ အဲမီလီကီတူဒတ် က ပြောပါတယ်။

တကယ်တော့ မြန်မာနိုင်ငံဟာ မြေမြှုပ်မိုင်းတွေကို ကိုယ်တိုင်လည်း ထုတ်လုပ်၊ သုံးလည်း သုံးစွဲတဲ့နိုင်ငံတနိုင်ငံဖြစ်ပါတယ်။ အစိုးရတပ်ဖွဲ့တွေလိုပဲ လက်နက်ကိုင်သူပုန်တပ်ဖွဲ့တွေမှာလည်း အလားတူ မြေမြှုပ်မိုင်းသုံးစွဲမှုတွေရှိနေပေမဲ့လည်း သူတို့အသုံးပြုတဲ့လက်နက်တွေဟာ ကိုယ့်ဘာသာကိုယ်ထုတ်လုပ်တာမို့ အထိအခိုက်အများကြီးမရှိဘူးလို့ ပြောဆိုလေ့ရှိပါတယ်။ ဒါပေမဲ့ ဒီလိုထုတ်လုပ်ထားတဲ့ မြေမြှုပ်မိုင်းတွေဟာလည်း အန္တရာယ်ရှိတဲ့လက်နက်တွေဖြစ်တယ်လို့ မိုင်းပပျောက်ရေးလှုပ်ရှားသူ မစ္စ မေရီဝဲဟမ်း က ဆိုပါတယ်။

"မိုင်းပုံးတွေကို စက်ရုံကထုတ်တာပဲဖြစ်ဖြစ်၊ တယောက်ယောက်က အိမ်နောက်ဖေးမှာတိတ်တဆိတ်လုပ်တာပဲဖြစ်ဖြစ်၊ သာမန်အိမ်သုံးပစ္စည်းမဟုတ်တာမို့ ဘာမှ မထူးပါဘူး၊ နိုင်ငံတကာသဘောတူညီချက်အရ ဒါဟာ တရားမဝင်ပါဘူး။ ကိုယ်တိုင်ထုတ်မိုင်းပုံးတွေဟာ ဘယ်လိုလုပ်ထားမှန်းမသိလို့ မိုင်းရှင်းတဲ့အခါမှာ အခက်အခဲတွေတောင်ကြုံရတာပါ၊ ဒါကြောင့်မို့လို့လည်း ကိုယ်တိုင်ထုတ်မိုင်းပုံးတွေဟာ စက်ရုံထုတ်လိုပဲ အန္တရာယ်ကြီးပါတယ်"။

မိုင်းပုံးတွေကင်းစင်တဲ့ အရှေ့တောင်အာရှဖြစ်ရေးအတွက် ဘန်ကောက်မြို့မှာ ၂ ရက်ကြာဆွေးနွေးတဲ့နေရာမှာ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းမြေမြှုပ်မိုင်းအသုံးပြုနေဆဲဖြစ်တဲ့နိုင်ငံတွေမှာ မိုင်းပပျောက်ရေး၊ မိုင်းဒဏ်ခံရတဲ့သူတွေကို ကူညီစောင့်ရှောက်သွားဖို့အရေးတွေဆွေးနွေးခဲ့ကြတာပါ။ ဒီဆွေးနွေးမှုတွေ နောက်ဆက်တွဲအဖြစ်နဲ့ ဒီနှစ်နိုဝင်ဘာလအကုန် ကိုလံဘီယာနိုင်ငံမှာ ပြန်လည်သုံးသပ်တဲ့ညီလာခံတခုကို ထပ်ပြီး ပြုလုပ်သွားဦးမှာဖြစ်ပါတယ်။

# အခြေခံကုန်ဈေးနှုန်းထပ်တက်

**DVB ၊ ဧပြီလ ၉ ။**။ သင်္ကြန်ရက်ရောက်တော့မှာမို့အခြေခံစားကုန်တွေ လည်း နည်းနည်းစီဈေးတက်သွားပါတယ်။

ဈေးတက်တာမှန်ပေမဲ့ မနှစ်ကလောက် ရောင်းမကောင်းသလို ရောင်းကောင်းတဲ့ အအေးတွေလည်း ထင်သလောက်မရောင်းရဘူးလို့ စံပြဈေးတဈေးက ကုန်စုံဆိုင်ရှင်တဦးက ပြောပါတယ်။

"နို့ဆီ သကြားတို့မတက်တဲ့အပြင် ဒီရက်အထိ အေးနေသေးတယ်၊ မနှစ်ကဆို ဒီရက်တွေမှာ လက်မလည်အောင်ကို ရောင်းရတာ၊ တနေ့ကို သုံးသိန်းဘိုးလောက်ရောင်းရတယ်၊ ဒီနှစ်ဆိုရင် နှစ်သိန်းပြည့်အောင် မနည်းရောင်းရတယ်"။

ရန်ကုန်မှာ ပေါ်ဆန်းမွှေးအကောင်းစား တပြည် ၁၂၀၀ ကျပ်၊ ဇီယာ ၉၀၀၊ ညှော်မထ ၇၀၀ ရှိပါတယ်။ တခြားအခြေခံစားကုန်ဈေးတွေက မြေပဲဆီ တပိဿာ ၂၈၀၀၊ အရောဆီ ၂၄၀၀၊ စားအုန်းဆီကတော့ ၁၈၀၀၊ ကြက်သွန်နီတပိဿာ ၇၀၀၊ ကြက်သွန်ဖြူ ၈၀၀၊ အာလူး ၉၀၀၊ ကုလားပဲက ၁၀၀၀၊ အိုင်အိုဒင်းဆား တထုပ်ကို ၃၀၀ နဲ့ မီးသွေးရိုးရိုး တပိဿာ ၄၀၀ ဖြစ်ပါတယ်။

ကြက်သားကတော့ တပိဿာ ဖ၅၀၀ ကျပ်၊ ဝက်သား ၅၀၀၀၊ အမဲသား ၅၀၀၀၊ ကြက်ဥ ဘဲဥ တလုံး ၁၀၀ ဖြစ်ပါတယ်။

သင်္ကြန်တွင်းမှာ ဈေးတက်လေ့ရှိတဲ့ လောင်စာဆီတွေ ဒီနှစ်မှာ တရာနှစ်ရာ လောက်ပဲတက်တယ်လို့ ရန်ကုန်လုပ်ငန်းရှင်တယောက်က ပြောပါတယ်။ ဓာတ်ဆီ တဂါလံ ၃၀၀၀၊ ဒီဇယ်ကတော့ ၂၂၀၀ ဖြစ်ပါတယ်။

သင်္ကြန်ရေကစားပစ္စည်းတွေလည်း အသစ်မလာတော့ပဲ အရင်နှစ်ပစ္စည်းတွေပဲ ပြန်ရောင်းရတယ်၊ ဈေးနှုန်းတွေလည်း အရင်နှစ်ဈေးနှုန်းဖြစ်ပေမဲ့ ရောင်းမကောင်းဘူးလို့ သိမ်ကြီးဈေးလက်လီလက်ကားဆိုင်ရှင်တဦးက ပြောပါတယ်။

မဏ္ဍပ်တွေမှာရေကစားဖို့ တရက်ကို ကျပ် တသောင်းကနေ နှစ်သောင်းခွဲလောက်အထိ ပေးရတယ်လို့ ရန်ကုန်မှ လူငယ်တဦးက ပြောပါတယ်။ ရေမပက်ပဲ ရေပက်ခံထွက်လိုသူတွေအတွက် ကားငှားခက တရက်ကို ပျမ်းမျှ ကျပ် တသိန်းနဲ့ တသိန်းသုံးသောင်း ပတ်ဝန်းကျင်မှာရှိပြီး လူများများဆန့်တဲ့ကားတွေက ပိုငှားရတယ်လို့ ကားငှားတဲ့ အကျိုးဆောင်တခုက ပြောပါတယ်။

ထူးခြားတာကတော့ နှစ်တိုင်းလိုလို အကြီးအကျယ်စပွန်ဆာပေးနေကျ စီးပွားရေးအုပ်စုတွေ ဒီနှစ်သင်္ကြန်မှာ စပွန်ဆာမပေးသလို မဏ္ဍပ်လည်း မလုပ်တော့ဘူး ဆိုတာပါပဲ။

---

**မျက်နှာဖုံးမှ**

အမှတ် ၁၈ ပါ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလက်မခံသည့်ကိစ္စ ရေးသားဖော်ပြခဲ့သည်ကို ပြန်လည်ရုပ်သိမ်းရန်နှင့် မရုပ်သိမ်းပါက တရားစွဲနိုင်ကြောင်း ပြောဆိုခဲ့သည်။ သို့သော် အဲန်အဲလ်ဒီဘက်က လက်မံနိုင်ကြောင်းအကြောင်းပြန်ခဲ့သည်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုပေးရန်လိုအပ်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂက နဝတ–နအဖ စစ်အစိုးရအဆက်ဆက်ကို တိုက်တွန်းတောင်းဆိုခဲ့သည်မှာလည်း ၁၀ နှစ်ကျော်ခဲ့ပြီဖြစ်သည်။

---

# တရုတ်စီးပွားချဲ့မှု ရှမ်းပြည်အရှေ့ပိုင်းပြည်သူများအခက်တွေ့

**NMG ၊ ဧပြီ ၉ ။** ။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ရွှေတြိဂံဒေသအတွင်း တရုတ်နိုင်ငံ၏စီးပွားရေးဩဇာချဲ့ထွင်လာမှုကြောင့် ဌာနေဒေသခံများ အလွန်ဆိုးဝါးသည့် ပြောင်းလဲမှုများဖြစ်ပေါ်နေရသည်ဟု လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က အစီရင်ခံစာတစောင်ထုတ်ပြန်လိုက်ပါတယ်။

(Undercurrents-Monitoring Development along Burma's Mekong) အမည်ရှိ အစီရင်ခံစာထုတ်ရခြင်းနှင့်ပတ်သက်၍ ကိုယ်တိုင်ရေးသားပြုစုခဲ့သည့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ ဒါရိုက်တာ ဦးဂျဖက် ဂျကူကအခုလိုပြောပါတယ်။

"အခုဒီဟာ ကျနော်တို့ထုတ်ခြင်းအားဖြင့် ကျနော်တို့တိုင်းရင်းသားအချင်းချင်းလည်း သူတို့ပိုသိလာမယ်။ ရခိုင်မှာဒုက္ခရောက်သလို အရှေ့ဘက်မှာ ကျနော်တို့လူထုကလည်းဒုက္ခရောက်နေပါလားနော်။ ဘယ်လိုဖြေရှင်းမလဲ၊ ဒီမိုကရေစီရအောင် ဘယ်လိုလုပ်မလဲ၊ ကျနော်တို့မြင်လာတယ်။ နောက်ပြီးတော့ သဘာဝပျက်ဆီးမှုဟာ ဗမာပြည်ထဲမဟုတ်ဘူး၊ နိုင်ငံတကာလည်း ဒီသဘာဝဖျက်ဆီးမှုဟာ ရာသီဥတုပြောင်းလဲမှုကို သူတို့အာရုံစိုက်လာနေတဲ့အချိန် တကယ်ဖြစ်နေတာက ကျနော်တို့ဒေသနော်။ ရေကြီးတာ ဘုရားသခင်လုပ်တာမဟုတ်ဘူး။ နေပူတာ ဘုရားသခင်လုပ်တာမဟုတ်ဘူး။ ခင်ဗျားတို့ ကျနော်တို့ မလုပ်လုပ်အောင် နအဖကခိုင်းလို့ ပြီးခဲ့တဲ့တနှစ်မှာ တာချီလိတ်တနယ်လုံးမှာ သူတို့တောခုတ်ခိုင်းတယ်။ မီးရှို့ခိုင်းတယ်။ အဲတော့ ကီလိုသုံးရာဝေးတဲ့ ချင်းမိုင်ရော လေမသန့်ရှင်းမှုနဲ့ဒုက္ခဖြစ်တယ်။ ဒီဒုက္ခကမနည်းဘူးဆိုတာ လူတိုင်းသိတာကို ကျနော်တို့လိုချင်တယ်။"

တရုတ်နိုင်ငံတွင် ရာဘာစိုက်ပျိုးမှုကြောင့် ကျေးရွာသားများ အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခံရမှု၊ တောရိုင်းတိရိစ္ဆာန်များ ရောင်းဝယ်ဖောက်ကားမှု တိုးများလာသည့်အတွက် ဆင်၊ ကျားကောင်ရေများလျော့ကျလာပြီး အခြားတိရိစ္ဆာန်များလည်း မျိုးပြုန်းနီးပါးဖြစ်နေမှု၊ တရုတ်နိုင်ငံမှ မဲခေါင်မြစ်မကြီး အထက်တွင် ရေကာတာများစွာတည်ဆောက်မှုကြောင့် မြစ်ညာအောက် လူထုအတွက် ဆိုးကျိုးသက်ရောက်မှု စသည့် အကြောင်းအရာ ၅ မျိုးကို အချိန် ၂ နှစ်ကြာ စစ်တမ်းကောက်ယူခဲ့သည်ဟု ဦးဂျဖက် ဂျကူကပြောပါတယ်။

"ကျနော်တို့ကြားဖူးတာ ကချင်ပြည်မှာလည်း ကျောက်စိမ်းမရှိတော့ဘူး။ အခုရှမ်းပြည်နယ်အရှေ့မှာကျတော့ ဓာတ်သတ္တုရှာတဲ့အဖွဲ့ အထူးသဖြင့် တရုတ်တွေလာပြီးတော့ ဒီဟာကို သူတို့တောင်ကြိုတောင်ကြားသွားနိုင်တဲ့နေရာ သူတို့မသွားနိုင်တဲ့နေရာ တောင်ပေါ်သားကိုပိုက်ဆံပေးပြီးတော့ ကျောက်ခဲကောက်ခိုင်း အဲဒီဟာနဲ့ ကျောက်မီးသွေးတို့၊ ရွှေတို့၊ ငွေတို့၊ ခဲတို့၊ ခနောက်စိမ်းတို့၊ ပလက်တီနံတို့ ဒါတွေသူတို့လုပ်နေကြတာတွေ့ရတယ်။"

တရုတ်နိုင်ငံက အကျိုးစီးပွားချဲ့ထွင်လာမှုကြောင့် ရှမ်းပြည်အရှေ့ပိုင်းရှိဌာနေလူထုများ အခက်အခဲများစွာရင်ဆိုင်နေကြရသည်ဟု အစီရင်ခံစာတွင်ပါရှိ

**တဘက်သို့**

# အဆိပ်ဓာတ်ပါမြန်မာအိမ်သုံးဆေးများဆက်ရောင်းနေဆဲ

**RFA ၊ ဧပြီ ၆ ။** ။ ခဲနဲ့အားဆင်းဓာတ်များပါဝင်တယ်လို့ အမေရိကန်နိုင်ငံကကြေညာထားတဲ့ မြန်မာအိမ်သုံးဆေးများ မြန်မာနိုင်ငံအတွင်းရောင်းချလျက်ရှိဆဲ ဖြစ်တယ်လို့စုံစမ်းသိရှိရပါတယ်။

ခဲဓာတ်နဲ့စိန်ဓာတ်ပါဝင်မှုများတဲ့အိမ်သုံးဆေး တိုင်းရင်းမြန်မာဆေးတွေနဲ့ ပတ်သက်ပြီး အမေရိကန်နိုင်ငံမှာကြေညာချက်ထုတ်ပြီးတားဆီးထားပေမဲ့ မြန်မာနိုင်ငံတွင်းမှာတော့ အဲဒီဆေးတွေဆက်လက်ဝယ်ယူနေနိုင်တာပါ။ အမေရိကန် အင်ဒီယားနားပြည်နယ်မှာ ပြီးခဲ့တဲ့လက မြန်မာကလေးသူငယ်များအတွက် အသုံးပြုတဲ့ ဒေါ်ထွေးဂေါမုတ္တအစာကျေဆေးနဲ့ ဒေါ်ကျင်သူငယ်နာဝမ်းနုတ်ဆေးတွေမှာ ခဲဓာတ်နဲ့စိန်ဓာတ်ပါဝင်မှုများနေတာတွေ့ရတယ်လို့ စိန်ဂျိုးဆက် ပြည်နယ်ကျန်းမာရေးဌာနနဲ့ အမေရိကန်ဗဟိုအစိုးရကူးစက်ရောဂါထိန်းချုပ်ရေးဌာန CDC က ထုတ်ပြန်ထားသလို မြန်မာနိုင်ငံကရောက်လာတဲ့ကလေး ၄၀ နီး ပါးမှာလည်း အဲဒီဆေးတွေသုံးစွဲခဲ့ဘူးတာကြောင့် ခဲဆိပ်သင့်ရောဂါတွေ့ရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီဆေးတွေနဲ့ပတ်သက်ပြီး တားဆီးမိန့်တွေ ထုတ်ပြန်ခဲ့ပါတယ်။

ဒီဆေးတွေနဲ့ပတ်သက်ပြီး RFA က တိုင်းရင်းဆေးဌာနကို မေးမြန်းတဲ့အခါမှာ ၂၀၀၇ ခုနှစ်ကမှတ်ပုံတင်ထားတဲ့ဆေးတွေဖြစ်နိုင်ကြောင်း ဒီဆေးမျိုးတွေ အခုနောက်ပိုင်း မှတ်ပုံတင်ခွင့်မပြုကြောင်း တိုင်းရင်းဆေးဌာနညွှန်ကြားရေးမှူးချုပ်က RFA ကိုပြောပါတယ်။ ဒါပေမယ့် RFA က မြန်မာပြည်တွင်းဆက်သွယ်စုံစမ်းတဲ့အခါမှာ ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးမှာရှိတဲ့ ဦးဘငြိမ်တိုင်းရင်းဆေးဆိုင်မှာတောင် တထုပ်လျှင်ကျပ် ၂၀၀ နဲ့ ဝယ်ယူလို့ရနိုင်တယ်လို့ စုံစမ်းသိရှိရပါတယ်။

ရန်ကုန်မြို့ခံအမျိုးသမီးတဦးကအခုလိုပြောပါတယ်။ "ရေဒီယိုနိုင်ငံခြားသတင်းဌာနက ကြေညာတာတော့ကျမကြားလိုက်တယ်။ ဆိုင်တွေကတော့ ရောင်းနေမှာဘဲ၊ အစိုးရကတရားဝင် မကြေညာသရွေ့ကတော့ အန္တရာယ်ရှိတယ် ဘာညာမပြောသရွေ့ကတော့မသိတဲ့ လူက ဝယ်နေမှာပေါ့နော်။"

အလားတူ အထက်မြန်မာပြည်ရှိ တချို့မြို့ကြီးတွေမှာရှိတဲ့ တိုင်းရင်းဆေးဆိုင်တွေမှာ ဝယ်ယူလို့ရနိုင်တာတွေ့ရတယ်လို့သိရပါတယ်။ ဒီဆေးတွေမှာ အန္တရာယ်ရှိတဲ့ အဆိပ်ဓာတ်တွေပါဝင်တဲ့အကြောင်း အစိုးရသတင်းစာမှာ ဧပြီလ ၄ ရက်နေ့ကကြေညာခဲ့ပေမယ့် ဆိုင်တွေမှာတော့ရောင်းချနေဆဲဖြစ်ပါတယ်။ အသုံးပြုသူတွေကလည်း သုံးစွဲနေဆဲဖြစ်တယ်လို့ သိရပါတယ်။

# မြန်မာ ဘင်္ဂလားဒေ့ရှ် အပြန်အလှန်ပစ်ခတ်

**DVB ၊ ဧပြီလ ၉ ။** ။ ဘင်္ဂလားဒေ့ရှ်–မြန်မာနယ်စပ်မှာ နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့တွေ ပစ်ခတ်မှုတွေ သီးခြားနေရာတွေမှာဖြစ်ပွားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ သားတဦး သေဆုံးသွားကြောင်း သိရပါတယ်။

ဒီကနေ့မနက်ပိုင်းက ရခိုင်ပြည်နယ် မြောက်ပိုင်း မောင်းတောမြို့နယ် အထက်ပိုင်းမှာ မြန်မာနယ်ခြားစောင့် နစက တပ်ဖွဲ့တွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်ခြားစောင့်တပ်က နယ်မြေကျူးကျော်လာလို့ဆိုပြီး ပစ်ခတ်မှုဖြစ်ပွားပြီး သေကြေဒဏ်ရာရတာမရှိဘူးလို့ သိရပါတယ်။ မြန်မာဘက် နယ်ခြားစောင့် နစက တပ်ဖွဲ့တွေက နယ်နမိတ်ခြံစည်းကာဖို့ တိုင်းတာပြင်ဆင်နေစဉ်မှာ အဲဒီ ပစ်ခတ်မှုဖြစ်ပွားတာလို့ ဘင်္ဂလားဒေ့ရှ်မြန်မာနယ်စပ်ကနေ စုံစမ်းသိရှိရပါတယ်။ဒီအကြောင်းနဲ့ပတ်သက်ပြီး စုံစမ်းသိရှိထားတဲ့ ဘင်္ဂလားဒေ့ရှ်ဘက်က နယ်စပ်မှာနေထိုင်တဲ့ ကိုမင်းဦးက မောင်းတောမြို့နယ်နယ်မြေတွေကို နစက အဖွဲ့တွေလာရင်းနဲ့ ဘင်္ဂလားဒေ့ရှ်ဘက်ကို နယ်ကျော်တယ်ဆိုပြီး ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းက ခြောက်ပစ် ပစ်တယ်လို့ ပြောပါတယ်။

ဒီလ ၈ ရက်နေ့ကလည်း နှစ်နိုင်ငံနယ်ခြားပိုင်းထားတဲ့ နတ်မြစ်ဝမှာ ဘင်္ဂလားဒေ့ရှ် စက်လှေတစင်းကို မြန်မာနယ်ခြားစောင့် တပ်ဖွဲ့က အမြန်စက်လှေတစင်းနဲ့လိုက်ပြီး ပစ်ခတ်တဲ့အတွက် ဘင်္ဂလားဒေ့ရှ် နိုင်ငံသားတဦး သေဆုံးသွားပါတယ်။ သေဆုံးသူဟာ ဘင်္ဂလားဒေ့ရှ်အပိုင် ရှင်မဖြူကျွန်းက တံငါသည်တဦးဖြစ်တယ်လို့ ဘင်္ဂလားဒေ့ရှ်သတင်းစာတွေမှာ ရေးသားထားတယ်လို့ သိရပါတယ်၊ ဒါနဲ့ပတ်သက်ပြီး နစက က သူတို့ပစ်ခတ်တာဟာ ဘင်္ဂလားဒေ့ရှ် ဘက်ကလာရောက်တဲ့ နွားသူခိုးစက်လှေ၊ ဓားပြလှေဖြစ်လို့ ပစ်ခတ်တာလို့ ဖြေရှင်းကြောင်းသိရပါတယ်။ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနှစ်နိုင်ငံဟာ ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းကလည်း ပင်လယ်ပြင် နယ်နိမိတ်ပိုင်နက်အငြင်းပွားမှုနဲ့ ပတ်သက်ပြီး နှစ်နိုင်ငံတပ်တွေ ပြင်ဆင်တဲ့အဆင့်အထိ ဖြစ်ပွားခဲ့ပါတယ်။ အဲဒီနောက် မြန်မာဘက်က ပြီးခဲ့တဲ့လအတွင်းကစပြီး ကုန်တွင်းဆက်စပ်တဲ့ မောင်းတော မြို့နယ်အထက်ပိုင်းကို ခြံစည်းရိုးကာဖို့ လုပ်ခဲ့ပါတယ်။ အဲဒီအတွက် နှစ်နိုင်ငံတင်းမာမှုတွေဟာ ပိုဆိုးလာပါတယ်။

# မြန်မာနိုင်ငံအပေါ်ပိတ်ဆို့မှု ဆန်ကျင်ရေးအဖွဲ့ ကြေညာချက်ထုတ်

**DVB ၊ ဧပြီလ ၇ ။ ။** မြန်မာနိုင်ငံအပေါ်ပိတ်ဆို့မှုများ ရုပ်သိမ်းရေးလှုပ်ရှားမှု အင်အားစုလို့အမည်ပေးထားအဖွဲ့တဖွဲ့က ရန်ကုန်မြို့ရှိ စီတီးစတားဟိုတယ် မှာ ဒီကနေ့မနက်ပိုင်းက သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး သူတို့ရဲ့မူဝါဒတွေကို ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။

ဒီအင်အားစုရဲ့ ကြေညာချက်ထဲမှာ ပိတ်ဆို့မှုရဲ့ ဆိုးကျိုးတွေကို ပြည်တွင်း၊ ပြည်ပအင်အားစုတွေ ပူးပေါင်းပြီး ပြန်လှန်သုံးသပ်ကာ အမျိုးသားရေးအမြင်နဲ့ လုပ်ဆောင်သွားမယ်လို့လည်း ဖော်ပြထားပါတယ်။ ဒ့ါအပြင် ပိတ်ဆို့မှုအတွက် တိုက်တွန်းနေတဲ့ ပြည်တွင်းနဲ့ ပြည်ပကအင်အားစုတွေကိုလည်း ပိတ်ဆို့မှုရဲ့ ဆိုးကျိုးတွေကို တွေ့ဆုံဆွေးနွေးသွားမယ်လို့ပါရှိပါတယ်။ ပိတ်ဆို့မှုကြောင့် မြန်မာနိုင်ငံသားတွေ ထိခိုက်နေမှုတွေကို အမေရိကန်နဲ့ ဥရောပသမဂ္ဂ အီးယူထံ အချက်အလက်တွေနဲ့ တင်ပြသွားမယ်လို့လည်း ရေးသားထားပါတယ်။ ဒါပတ်သက်ပြီး အဲဒီ အင်အားစုထဲမှာပါဝင်တဲ့ကိုကိုလတ်က သူတို့ရဲ့အစီအစဉ်ကိုပြောပါတယ်။

"ကျနော်တို့ စလုပ်ကတည်းကိုက ကျနော်တို့နံပါတ်တစ် ထောင်ထဲရောက်တဲ့ မင်းကိုနိုင်၊ ကိုကိုကြီးနဲ့ ကျနော်တို့ ရဲဘော်ကြီး ကိုဌေးကြွယ်တို့ကို သွားရောက်တွေ့ဆုံဆွေးနွေးပြီး ဒီသဘောထားတွေရှင်းပြမယ်။ အဲဒါတွေပြီးရင် ပြည်ပမှာရှိတဲ့ ကျနော်တို့နဲ့ သဘောထားတူတဲ့သူရော၊ မတူတဲ့သူတွေပါ ကျနော်တို့တွေ့မယ်။"

အဲဒီလမ်းကြောင်းတွေစလို့ အဆင်ပြေသွားရင် စစ်အစိုးရကို ဖြတ်သန်းပြီးတော့ မလာတဲ့ အကူအညီတွေ၊ ကိစ္စတွေအားလုံးဟာ ဖြေရှင်းလွယ်သွားမယ်လို့ ကျနော်ထင်တယ်။ ၂၀၁၀ ကိစ္စကို ကျနော်တို့ ခေါင်းစဉ်တင်မယ်။

"ဒေါ်အောင်ဆန်းစုကြည်လွှတ်ပေးရေး ဟိုဟာသည်ဟာ လျှောက်ပြောနေမယ်ဆိုရင် ကျနော်တို့မှာ တဖက်ကလည်း ရန်သူဖြစ်မယ်၊ တဖက်ကလည်း မိတ်ဆွေဖြစ်မယ်။ တဖက်ကမိတ်ဆွေကလည်း ရန်သူပြန်ဖြစ်သွားမယ်။ အဲဒါကြောင့်မို့ ကျနော်တို့က အလယ်အလတ်လမ်းစဉ်ကနေ သွားနေတာ။"

သူတို့အဖွဲ့အနေနဲ့ နိုင်ငံရေးလုပ်ဆောင်မှာမဟုတ်သလို ကိုအေးလွင်တို့အဖွဲ့နဲ့လည်း ဘာမှမသက်ဆိုင်ဘူးလို့ ကိုကိုလတ်က ပြောပါတယ်။ မြန်မာနိုင်ငံ ပိတ်ဆို့မှုချမှတ်ခံရတာဟာ နအဖစစ်အုပ်စုနဲ့ တိုက်ရိုက်ပတ်သက်နေတဲ့အတွက် နအဖ စစ်အုပ်စုကို ပြောဆိုတာမျိုး လုပ်မလုပ်ဆိုတာနဲ့ ပတ်သက်ပြီး အဲဒီအင်အားစုမှာပါတဲ့ ကိုအောင်ခိုင်ဝင်းက ပြောပါတယ်။

"လောလောဆယ်တော့ အဲ့ဒါပြောဖို့ စောနေပါသေးတယ်။ ဟိုဘက်က အမေရိကန်အစိုးရနဲ့ ဥရောပသမဂ္ဂ အဖွဲ့ဝင်အစိုးရတွေက ဒီအပေါ်ကို ပြန်လည်သုံးသပ်နေတဲ့အပေါ်မှာ ကျနော်တို့က မှန်ကန်တဲ့ မှတ်တမ်းမှတ်ရာတွေ ကျနော်တို့ တင်ပြပေးမယ်။ ဒီအဆင့်ကိုပဲ ကျနော်တို့ အရင်လှမ်းတာပါခင်ဗျ။ "

အခွင့်အရေးရမယ်ဆိုရင်တော့ ခုနပြောတဲ့အပိုင်းတွေ နောက်ဆက်တွဲကဏ္ဍမှာပါလာမှာပါ။ ကျနော်တို့ ဒီအပေါ်မှာ စစ်အုပ်စုနဲ့ ပူးတာတွေ၊ ခွာတာတွေ ဘာတခုမှမလုပ်ဘူး။"

မြန်မာနိုင်ငံအပေါ်ပိတ်ဆို့မှုများ ရုပ်သိမ်းရေးလှုပ်ရှားမှုအင်အားစုရဲ့ သတင်းစာရှင်းလင်းပွဲကို ကိုအေးလွင်တို့အဖွဲ့ကနေ ထွက်လာတဲ့ ကိုသိန်းတင်အောင်နဲ့ ကိုအောင်ခိုင်ဝင်းတို့လည်း ပါဝင်ကြသလို ကနေဒါနိုင်ငံမှာ နေထိုင်တဲ့ ကိုရောင်နီလည်း တက်ရောက်ပြီး သဘောထားတွေ ရှင်းပြခဲ့တယ်လို့သိရပါတယ်၊ မနေ့ကတော့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က နအဖစစ်အုပ်စုကို အိမ်ဖွင့်ပေးစာမှာ နိုင်ငံတကာပိတ်ဆို့မှုကို ရုပ်သိမ်းဖို့ဆိုရင် စစ်အုပ်စုက လူ့အခွင့်အရေးလေးစားဖို့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့လိုအပ်တယ်လို့ ရေးထားပါတယ်၊ ဒ့ါအပြင် အိတ်ဖွင့်ပေးစာမှာ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးရမယ်၊ တိုင်းရင်းသားတွေကို ဖိနှိပ်မှုတွေ ရပ်ဆိုင်းပေးရမယ်လို့လည်း တောင်းဆိုထားပါတယ်။

---

**တဘက်မှ–**

ပါတယ်။"တချိန်တုန်းက သူတို့ရှာစားလွယ်တဲ့ သစ်ဥ၊ သစ်မြစ်တွေလည်းမရှိတော့ဘူး၊ လက်ရှိသူတို့လုပ်နေတဲ့ တောင်ယာကွက်တွေကလည်း တရုတ်ကတဆင့် ပြည်သူ့စစ်ခေါင်းဆောင်တွေ တရုတ်သူဌေးတွေ နောက်ဒီမြို့အာဏာပိုင်တွေက သူတို့လယ်တွေက ယာတွေက တဖြည်းဖြည်းပျောက်သွားတယ်။ ပထမ သတိထားမိမှာပါ ကြက်ဆူပြဿနာကလည်း တော်တော်ပျောက်သွားပြီ၊ ရာဘာဝင်လာတော့ ပိုပြီးပျောက်သွားတယ်။ အဲဒီတော့ ပိုပြီးတော့ဒုက္ခရောက်သွားတယ်လို့ ကျနော်တို့မြင်တယ်။"

လားဟူအမျိုးသားတိုးတက်ရေးအဖွဲ့သည် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ဖြစ်ပျက်နေသည့်အကြောင်းအရာနှင့်ပတ်သက်ပြီး ၂၀၀၂ ခုနှစ်ကတည်းက အစီရင်ခံစာ ၆ စောင်ထုတ်ဝေဖြန့်ချိခဲ့ပြီး Undercurrents အမည်ဖြင့်ထုတ်ဝေသည့် အစီရင်ခံစာသည်ယခုသုံးစောင်မြောက်ဖြစ်ပါတယ်။

---

# ပရီလိဂ် ဘောလုံးပွဲ ကျင်းပတော့မည်

**DVB ၊ ဧပြီလ ၆ ။ ။** မြန်မာနိုင်ငံတွင်းမှာ ပရီလိဂ်ဆိုပြီး ပြည်တွင်းက စီးပွား ရေးလုပ်ငန်းရှင်ကြီးတွေပိုင်တဲ့ ကလပ်အသင်း ၈ သင်း ဖွဲ့ပြီး မြန်မာနေရှင်နယ်လိဂ်ဆိုတဲ့ ဘောလုံးပြိုင်ပွဲ ကျင်းပပေးတော့မှာ ဖြစ်ပါတယ်။

အဲ့ဒီကလပ်အသင်းတွေက သူတို့ကြိုက်တဲ့ ဘောလုံးသမားတွေကို ကြိုက်ဈေးပေးပြီး ခေါ်ယူခွင့်ရှိကြောင်း၊ နိုင်ငံခြားသား ဘောလုံးသမားတွေကိုလည်း ခေါ်ယူခွင့်ရှိတယ်ဆိုတဲ့ သတင်းတွေ ပြီးခဲ့တဲ့ လကုန်ပိုင်းလောက်ကစပြီး မီဒီယာတွေမှာ ဖော်ပြလာတာတွေ့ရပါတယ်။ အခု ဧပြီလကုန်မှာ ဘောလုံးသမား အပြောင်းအရွှေ့ဈေးကွက်ပိတ်မယ်ဆိုတဲ့အတွက် လက်ရှိအချိန်ထိ ဘယ်ကလပ်အသင်းတွေက ငွေကြေးဘယ်လောက်သုံးပြီး ဘောလုံးသမားခေါ်ယူတဲ့နေရာ ထိပ်ဆုံးမှာရှိနေလဲဆိုတာ ရန်ကုန်က အားကစားအယ်ဒီတာယောက်က ပြောပါတယ်။

"လောလောဆယ် ကစားသမားအများဆုံးခေါ်ထားပြီးတော့ လစာအများဆုံးပေးထားတဲ့အသင်းက ၅ သင်းလောက် ရှိပါတယ်။ မကွေးအက်ဖ်စီ၊ ကမ္ဘောဇ နဲ့ ဇေယျာရွှေမြေ အဲဒီ ၃ သင်းကတော့ လူအများဆုံး ခေါ်ထားတာပေ့ါ။ အဲဒီ ၃ သင်းက သိန်း ၅၀၀ ကျော် ၆၀၀ လောက် သုံးထားပါတယ်။" သူကပဲ လက်ရွေးစင်ဟောင်းတချို့ရယ်၊ လက်ရှိ မြန်မာ့လက်ရွေးစင်တွေရယ်၊ ပထမတန်းကစားနေတဲ့ ဘောလုံးသမားတွေရယ်ကို အေအဆင့်သတ်မှတ်ထားပြီး အဲ့ဒီ ဘောလုံးသမား ၃၀ ကျော်လောက်ရှိတဲ့အထဲမှာ ၂၀ ကျော်လောက်ကို စာချုပ်ပြီးကြောင်း၊ သူတို့ရဲ့ ပြောင်းရွှေ့ကြေးတွေက သိန်း ၅၀ နဲ့ လစာ ၁၀ သိန်းရကြကြောင်း၊ ကြေးသတ်မှတ်ထားခြင်း၊ ညှိထားခြင်းမရှိပေမယ့် လောလောဆယ်မှာ ပြည်တွင်းဘောလုံးသမားတွေ ရတာ ဒီကြေးက အမြင့်ဆုံးဖြစ်ကြောင်း၊ အနိမ့်ဆုံးက ပြောင်ရွှေ့ကြေး ၁၀သိန်းနဲ့ လစာ ၁ သိန်း ဖြစ်ကြောင်းနဲ့ ပြောင်းရွှေ့ကြေးတွေက ဘောလုံးသမားတွေရတာလို့လည်း အဲဒီအယ်ဒီတာက ပြောပါတယ်။

ကလပ်အသင်းတသင်းက တာဝန်ခံတယောက်ကတော့ နိုင်ငံခြားက ကြေးစားဘောလုံးသမားက အခုထိ ရန်ကုန်အက်ဖ်စီ အသင်းကခေါ်ထားတဲ့ နိုက်ဂျီးရီးယား ဘောလုံးသမား ၂ ယောက်ပဲ ရောက်သေးကာ ကျန်တဲ့ ဘောလုံးသမားတွေက ဗီဇာကိစ္စ၊ တခြားကိစ္စတွေနဲ့ ခုထိ မရောက်ကြသေးကြောင်း၊ နိုင်ငံခြားဘောလုံးသမားတွေကို ဒေါ်လာတထောင်နဲ့ နှစ်ထောင်ကြားပဲ လစာပေးခေါ်ဖို့ ဘောလုံးအဖွဲ့ချုပ်က သတ်မှတ်ထားကြောင်း သိရပါတယ်။ မြန်မာ့ လက်ရွေးစင်ဘောလုံးသမားတယောက်ကတော့ မရဘူးတဲ့လစာတွေရတာမှန်ပေမယ့် အသက်ကြီးသွားရင်၊ ကစားအားကျသွားရင် လစာဆက်ပေးတော့မှာ မဟုတ်လို့ မူလဝန်ကြီးဌာနအသင်းက မထွက်ဘဲ အငှားသဘောမျိုး သွားကစားတာ စောင့်ကြည့်ရဦးမယ်လို့ ပြောပါတယ်။

# မြန်မာပြည်ဆိုင်ရာမှတ်တမ်းတင်ဗွီဒီယို အမေရိကန်ရုပ်ရှင်ပွဲတော်မှာ ဆု ၃ ဆုရရှိ

**VOA ၊ ဧပြီလ ၈ ။ ။** Burma VJ : Reporting from a Closed Country မြန်မာဗွီဒီယိုသတင်းသမား ဖိနှိပ်ခံနိုင်ငံက သတင်းပေးပို့ခြင်းလို့ခေါ်တဲ့ မှတ် တမ်းတင်ရုပ်ရှင်ကားဟာ မကြာခင်က အမေရိကန်ပြည်ထောင်စုမှာ ကျင်းပပြီးစီးသွားတဲ့ မှတ်တမ်းတင်ရုပ်ရှင်ပွဲတော်တခုမှာ ဆု ၃ ဆုဆွတ်ခူးရရှိခဲ့ပါတယ်။

ဒီကားဟာ ၂၀၀၇ ခုနှစ်၊ ရဟန်းရှင်လူ ပြည်သူ့လှုပ်ရှားမှုအကြောင်း မှတ်တမ်းတင်ရိုက်ကူးထားတဲ့ ၈၅ မိနစ်ကြာရုပ်ရှင်ဖြစ်ပါတယ်။ ဒီ Burma VJ မှတ်တမ်းတင်ကားကို အမေရိကန်ပြည်ထောင်စု မြောက်ကာရိုလိုင်းနားပြည်နယ်က Durham မြို့မှာကျင်းပခဲ့တဲ့ Full Frame မှတ်တမ်းတင်ရုပ်ရှင်ပွဲတော်မှာ ဆု ၃ ခုချီးမြှင့်ခြင်းခံခဲ့ရတာပါ။ ဒီပွဲတော်ကိုလွန်ခဲ့တဲ့ ၁၂ နှစ်ကစလို့ နှစ်စဉ် ဧပြီလမှာကျင်းပပြီး တကယ့်အဖြစ်အပျက်အကြောင်းအရာတွေကို မှတ်တမ်းတင်ရိုက်ကူးထားတဲ့ကားတွေကို ဆုချီးမြှင့်တာဖြစ်ပါတယ်။

ဧပြီလ ၄ ရက်ကနေ ၇ ရက်အထိကျင်းပခဲ့တဲ့ဒီပွဲတော်မှာ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်သူတွေအပါအဝင် လာရောက်အားပေးသူပေါင်း ၇,၀၀၀ ကနေ ၁၀,၀၀၀ လောက်အထိရှိတယ်လို့ဆိုပါတယ်။ Burma VJ ကားရဲ့ ဗွီဒီယိုရုပ်ပုံတွေကို နော်ဝေအခြေစိုက် Democratic Voice of Burma(DVB) က ဗွီဒီယိုသတင်းသမားတွေဆီကရယူပြီး ဒိန်းမတ်နိုင်ငံသား Anders Ostergaard က ဒါရိုက်တာအဖြစ်စီမံပြီး ထုတ်လုပ်ဖြန့်ချိခဲ့တာဖြစ်ပါတယ်။

ဒီပွဲတော်မှာ ကမ္ဘာ့နိုင်ငံအသီးသီးက အကြောင်းအရာအမျိုးမျိုးကို မှတ်တမ်းတင်ထားတဲ့ ရုပ်ရှင်ပေါင်း ၁,၂၀၀ လောက် ပါဝင်ယှဉ်ပြိုင်ခဲ့ရာမှာ Burma VJ ဟာ ဆုရရှိခဲ့တဲ့ မှတ်တမ်းတင်ရုပ်ရှင်ပေါင်း ၁၀ ခုထဲကတခုဖြစ်ပါတယ်။ ဆုပိုင်ရှင်တွေကို ဘယ်လိုရွေးချယ်သလဲဆိုတာနဲ့ပတ်သက်ပြီး ဒီပွဲတော်စီမံကျင်းပရေး ညွှန်ကြားရေးမှူး Ms.Sadir Tillery ကအခုလိုရှင်းပြပါတယ်။

"ကျမတို့ဆီမှာပါဝင်ယှဉ်ပြိုင်လိုတဲ့အတွက် လျှောက်လွှာတင်သွင်းလာတဲ့ ရုပ်ရှင် ၁,၂၀၀ လုံးကို အကဲဖြတ်တဲ့အဖွဲ့ဝင်အယောက် ၂၀ ပါကော်မတီတခုရှိပါတယ်။ အဲဒီအထဲကမှ ၁၀၀ ကိုရွေးတယ်။ အဲဒီနောက် လက်ရွေးစင် ၁၀ ကားကို နောက်ဆုံးရွေးတာပါ။"

Burma VJ ကားရရှိခဲ့တဲ့ဆု ၃ ခုကတော့ Anne Delinger Grand Jury Award လို့ခေါ်တဲ့အနုပညာလက်ရာမြောက်မှုအတွက်ပေးတဲ့ဆု၊ နောက်တခါ မြောက်ကာရိုလိုင်းနားပြည်နယ် Duke တက္ကသိုလ်မှတ်တမ်းတင်ရုပ်ရှင်လေ့လာရေးဌာနကနေပြီး ပညာရေးနဲ့အပြောင်းအလဲဖော်ဆောင်ရေးအတွက် တွန်းအားဖြစ်စေတဲ့အတွက်ကြောင့် ပေးတဲ့ဆု၊ နောက် Full Frame/Working Films Award လို့ခေါ်တဲ့ ပြည်သူလူထုကို လူ့ဘောင်ပြောင်းလဲတိုးတက်ရေးအတွက် စုစည်းလုပ်ဆောင်ချင်စိတ်ဖြစ်အောင် လှုံ့ဆော်မှုတွေကြောင့် ပေးတဲ့ဆုတို့ဘဲဖြစ်ပါတယ်။

အဲဒီကားကို ကိုယ်တိုင်ကြည့်ခဲ့တဲ့ Ms.Tillery က သူ့ရဲ့ထင်မြင်ချက်ကို အခုလိုပြောပါတယ်။

"ဒီကားရဲ့ရိုက်ကွင်းရိုက်ကွက်တွေဟာ တကယ်ဘဲပြောင်မြောက်လှသလို ရိုက်ကူးသူတွေရဲ့သတ္တိကလည်း အင်မတန်လေးစားဘို့ကောင်းပါတယ်။ ဒီကားကိုကြည့်ပြီး ကျမတို့ပိုပြီးအမြင်ကျယ်လာသလို မြန်မာနိုင်ငံအကြောင်း ပိုသိလာပြီး ဒီအကြောင်းအရာတွေကို အလေးပေးစာနာတတ်ဘို့ စိတ်ဝင်စားလာပါတယ်။"

တဆက်တည်းမှာဘဲ မြန်မာသတင်းသမားများသမဂ္ဂရဲ့ဥက္ကဌ ဦးမောင်မောင်မြင့်ကလည်း မြန်မာနိုင်ငံရဲ့အခြေအနေမှာ ဗွီဒီယိုသတင်းသမားတွေရဲ့ အရေးကြီးတဲ့အခန်းကဏ္ဍနဲ့ပတ်သက်ပြီးတော့ အခုလိုမှတ်ချက်ချပါတယ်။

"အများကြီးထိရောက်မှုရှိပါတယ်။ ဒီလိုသတင်းမျိုးတွေသာ ကမ္ဘာကို မထွက်လို့ကတော့ ရွှေဝါရောင်တော်လှန်ရေးဘဲဖြစ်ဖြစ်၊ နာဂစ်မုန်တိုင်းတုန်းက လူတွေဒုက္ခရောက်ကြတာတွေ၊ ပြီးတော့ စစ်အစိုးရအနေနဲ့ဒီလိုဒုက္ခရောက်တဲ့ကြားထဲကနေ အမြတ်ထုတ်သွားတဲ့ကိစ္စမျိုးတွေ၊ ဒါတွေကိုကမ္ဘာကသိခွင့်ရမှာ မဟုတ်ဘူး။"

ဥပမာတခုအနေနဲ့ထပ်ပြောရရင် ဂျပန်နိုင်ငံကသတင်းထောက် Kenji Nagai စစ်အစိုးရရဲ့စစ်သားတွေကရင်ဘတ်တည့်တည့်ကို ပစ်သတ်လို့သေသွားတဲ့ကိစ္စတွေဟာလည်း ဗွီဒီယိုသတင်းသမားတွေက ဗွီဒီယိုသတင်းမှတ်တမ်းနဲ့သာ မှတ်တမ်းတင်မထားခဲ့ဘူးဆိုရင် စစ်အစိုးရကလိမ်ချင်သလိုလိမ်လို့ရမယ့် အနေအထားမှာရှိပါတယ်။ အခုတော့ စစ်အစိုးရအနေနဲ့ ဘယ်လိုမှငြင်းလို့မရတဲ့ တရားခံဖြစ်သွားတဲ့အထိ ရောက်သွားစေပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ဗွီဒီယိုသတင်းဟာ ဘယ်လောက်အရေးပါတယ်ဆိုတာကို သိနိုင်ပါတယ်။"

Burma VJ မှတ်တမ်းတင်ကားဟာ Full Frame ဆုအပြင် တခြားအဖွဲ့တွေကပေးအပ်တဲ့ မှတ်တမ်းတင်ရုပ်ရှင်ဆုတွေကိုလည်း ရရှိခဲ့ပြီးဖြစ်ပါတယ်။ ဒီ Burma VJ မှတ်တမ်းတင်ကားကို လာမယ့် မေလ ၈ ရက် နယူးယောက်ခ်မြို့မှာ သတင်းစာရှင်းလင်းပွဲနဲ့အတူ စပြီးရုံတင်ပြသမှာဖြစ်ပါတယ်။

---

## လူထုဒေါ်အမာကွယ်လွန်ခြင်း တနှစ်ပြည့်အခမ်းအနားကျင်းပ

**NMG ၊ ဧပြီလ ၇ ။** ။ စာပေမိခင်ကြီး လူထုဒေါ်အမာကွယ်လွန်ခြင်း တနှစ်ပြည့်အောက်မေ့ဘွယ်အခမ်းအနားကို မဲဆောက်မြို့တွင်ကျင်းပခဲ့ပါတယ်။

ပြည်ပရောက်စာပေမြတ်နိုးသူ မြန်မာနိုင်ငံသားများစုပေါင်း၍ လူထုဒေါ်အမာကွယ်လွန်ခြင်း တနှစ်ပြည့်အောက်မေ့ဘွယ်အခမ်းအနားကို မဲဆောက်မြို့တနေရာတွင် ယနေ့ညနေ ၆ နာရီခွဲမှစ၍ ကျင်းပခဲ့ပါတယ်။ အမေလူထုဒေါ်အမာကွယ်လွန်ခြင်း တနှစ်ပြည့်အခမ်းအနားနှင့်အတူ ပြီးခဲ့တဲ့မတ်လကုန်ပိုင်းတွင်ကွယ်လွန်သွားသည့် ကဗျာဆရာကြည်အောင်အားရည်စူး၍ ယနေ့နံနက်၌ သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းခဲ့သည်ဟု ကဗျာဆရာမောင်လွဏ်းနီက အခုလိုပြောပါတယ်။

"မနက်ပိုင်းကတော့ဗျာ ကျနော်တို့အမေမာအတွက် နှစ်လည်ပေ့ါ၊ သံဃာတော်အရှင်သူမြတ်တွေကို ဆွမ်းကွမ်းကပ်လှူသလိုပါဘဲ။ ဆရာကြည်အောင်ရဲ့ရက်လည်မှာမလုပ်နိုင်တဲ့အတွက် ဒီရက်မှာဘဲပေါင်းပြီးတော့ ဆရာ့အတွက်ပါပေါင်းပြီးတော့ ဘုရားအမှူးပြုတဲ့ သံဃာတော်အရှင်မြတ်တွေကို ဆွမ်းကွမ်းကပ်လှူတာပါ။ တပည့်သားမြေးတွေက အထူးသဖြင့် ဆရာကြည်အောင်နဲ့ အမေမာတို့ဟာ သားအမိဆိုရင်လည်းမမှားပါဘူး။"

အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်နှင့်ပတ်သက်၍ မောင်လွဏ်းနီက "ရည်ရွယ်ချက်ကတော့ အင်မတန်ကြီးမားတာပေ့ါ။ မြန်မာစာပေ ယဉ်ကျေးမှုနယ်ပယ်ကိစ္စတွေ၊ အမျိုးသားရေးလက္ခဏာကိစ္စတွေ၊ ဒီပုဂ္ဂိုလ်တွေရဲ့ အမျိုးဘာသာ သာသနာကိုစောင့်ရှောက်တဲ့စာပေကို ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ပုဂ္ဂိုလ်တွေရဲ့ကျေးဇူးတွေကို အမြဲတမ်းနှလုံးသွင်းပြီးတော့ ဒီဆရာတွေရဲ့ရှေ့ဆောင်လမ်းပြမှုတွေနောက်ကို မျိုးဆက်သစ်တွေကဆက်လက်ပြီး သယ်ဆောင်လိုက်ပါဘို့ဆိုတဲ့ ဦးတည်ချက် ရည်ရွယ်ချက်တွေနဲ့ကျင်းပတာဖြစ်ပါတယ်" လို့ ပြောခဲ့ပါတယ်။

အခမ်းအနား၌ လူထုဒေါ်အမာနှင့် ဆရာကြည်အောင်တို့၏ ကိုယ်ရေးရာဇဝင်အကျဉ်းကိုဖတ်ကြားပြီး ၎င်းတို့၏ထင်ရှားသည့်စာပေများကို နံရံကပ်စာစောင်များ၌ကပ်ထားကာ လက်ကမ်းစာစောင်များဝေငှပါတယ်။ အမျိုးသားရေးအတွက် စာပေနှင့်တိုက်ပွဲဝင်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား စံနမူနာယူ၍ စာပေမျိုးဆက်သစ်များအနေနှင့် သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်စေလိုသည်ဟု မောင်လွဏ်းနီက တိုက်တွန်းသွားပါ တယ်။

လူထုဒေါ်အမာသည် ၁၉၁၅ ခုနှစ်တွင်မွေးဖွားပြီး အောင်ပလ၊ ဖိုးစိန်၊ စိန်ကတုံး၊ ပြည်သူချစ်သောအနုပညာသည်များ စသည့် ကျော်ကြားသည့်စာအုပ်များအပြင် ဘာသာပြန်စာပေများ၊ အမျိုးသားရေးတက်ကြွစေမည့်စာပေများကိုရေးသားခဲ့သည့် စံပြစာရေးဆရာမတဦးဖြစ်ပါသည်။

# ရန်ကုန်တိုင်း မြို့နယ်တချို့မှာ ကာလဝမ်းရောဂါ ဖြစ်ပွား

**DVB ၊ ဧပြီလ ၆ ။** ။ရန်ကုန်တိုင်းက မြို့နယ်အချို့မှာ ကာလဝမ်းရောဂါဖြစ်ပွားနေပါတယ်။ ရန်ကုန်တိုင်း သာကေတနဲ့ ဒေါပုံမြို့နယ်က နေရာတချို့မှာ ဖြစ်ပွားနေတာလို့ ဒေသခံတချို့က ပြောပါတယ်။

ဒါကြောင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေဖြစ်တဲ့ မီးသတ်၊ အမျိုးသမီးရေးရာ၊ ရယကနဲ့ အန်ဂျီအိုအဖွဲ့တွေက မြောင်းတွေဖော်ပြီး ထုံးလိုက်ဖြူးတာ၊ သောက်ရေတွေမှာ ကလိုရင်းတွေ လိုက်ခတ်ပေးစတဲ့ ကာကွယ်ရေးလုပ်ငန်းတွေ တလမ်းဝင်တလမ်းထွက် လုပ်ဆောင်ပေးနေတယ်လို့ သာကေတမြို့နယ် အမှတ် ၄ ရပ်ကွက် ဒေသခံတဦးက ပြောပါတယ်။

"အခုဖြစ်တာ ကလေးရော လူကြီးရောပဲ။ သူပြောင်ပြောနဲ့ ဆေးရုံမှာ ၈ ယောက် တင်ရတယ်တို့ ဘာတို့ဆိုတဲ့ အတည်မပြုနိုင်တဲ့ သတင်းတွေတော့ ကြားရတယ်။ မုန့်ဟင်းခါး၊ လက်လုပ်ချဉ်တို့ ဘာတို့မရောင်းရဘူး တားမြစ်ထားတာတော့ ကြားရတယ်။"

သာကေတမြို့နယ်မှာ ရေအခက်ခဲရှိပြီး ကန်ရေတွေကိုသာ သုံးရတဲ့အတွက် ဝမ်းရောဂါဖြစ်ပွားနိုင်မှုအလားအလာ ပိုများတယ်လို့လည်း တခြားဒေသခံတွေက ပြောပါတယ်။ အခုလို ကာလဝမ်းရောဂါဖြစ်ပွားနေတာနဲ့ပတ်သက်လို့ အရှေ့ပိုင်းဆေးရုံ တာဝန်ကျ ဆရာမတဦးက ဝမ်းရောဂါနဲ့ဆေးရုံတက်နေသူတွေများပေမယ့် သေဆုံးမှုမရှိသေးဘူးလို့ ပြောပါတယ်။ သာမန် ဝမ်းရောဂါအပြင် ကာလဝမ်းရောဂါပိုးလည်း တွေ့ရှိပြီး ကလေးတွေအဖြစ်များလား၊ လူကြီးတွေအဖြစ်များလားဆိုတာကိုတော့ စာရင်းကြည့်မှ တိတိကျကျ သိနိုင်မယ်လို့တာဝန်ကျဆရာမတဦးက ပြောပါတယ်။ ဒေါပုံနဲ့ သံလျင်မြို့နယ် နေရာတချို့မှာလည်း ဝမ်းရောဂါဖြစ်ပွားမှုရှိနေတယ်လို့ ပြောဆိုမှုတွေရှိနေပေမယ့် သံလျင်မြို့ခံတဦးကတော့ ဝမ်းရောဂါဖြစ်ပွားမှုကို မသိသေးဘူးလို့ ပြောပါတယ်။

အခြား မြို့ခံတဦးကတော့ ဆေးရုံထက် ဆေးခန်းတွေမှာ ဝမ်းပျက်ဝမ်းလျှောလူနာတွေ ပိုများပြီး သေဆုံးမှုရှိ မရှိဆိုတာတော့ မသိရဘူးလို့လည်း ပြောပါတယ်။ ရန်ကုန်တိုင်း မြို့နယ်တချို့မှာ ဝမ်းရောဂါဖြစ်ပွားမှုအခြေနေ အသေးစိပ်ကိုသိနိုင်ဖို့ တိုင်းကျန်းမာရေးဌာနရုံးက ဒေါက်တာ ဒေါ်အေးအေးမြင့်က ပြောပါတယ်။

"တိုင်း ကျန်းမာရေးဌာနအနေနဲ့ ကျမတို့က အသေးစိတ်ဖြေကြားခွင့်မရှိဘူး။ ရန်ကုန်တိုင်းထဲမှာတော့ ဒီအချိန်ဒီကာလမှာ ပုံမှန်ဖြစ်ပွားလေ့ရှိတယ်။ ကျမတို့က ကွင်းဆင်းလုပ်ရှားနေတာပါ။ ရိုးရိုးလား ဘာလားဆိုတာ ကျမတို့ပြောဆိုခွင့် မရှိပါဘူး။"

ဝမ်းရောဂါမဖြစ်ပွားစေရန်၊ မကူးစက်စေရန် အမိက ရေကောင်း ရေသန့်ကိုသာ သုံးစွဲဖို့၊ လုံခြုံစိတ်ချရတဲ့ အိမ်သာသုံးစွဲဖို့၊ ယင်နားစာ မစားဖို့ အထူးသတိပြုရမယ်လို့လည်း ဒေါက်တာ ဒေါ်အေးအေးမြင့်က ပြောပါတယ်။ မြန်မာပြည်အလယ်ပိုင်း မကွေးမြို့မှာလည်း ကာလဝမ်းရောဂါဖြစ်ပွားနေပြီး အထူးသဖြင့် ကလေးတွေမှာ အဖြစ်များတယ်လို့ ဒေသခံတွေက ပြောပါတယ်။

# အပူရှိန်မြင့်မား၍ မုန်တိုင်းသင့်ဒေသ ရေခက်ခဲ၊ ဝမ်းရောဂါဖြစ်

**DVB ၊ ဧပြီလ ၉ ။** ။ နာဂစ်မုန်တိုင်းဒဏ်ကို ဆိုးဆိုးဝါးဝါးခံခဲ့ရတဲ့ ဧရာဝတီတိုင်းလပွတ္တာနဲ့ ဘိုကလေးဒေသတွေမှာ အပူရှိန်မြင့်မားလာမှုကြောင့် ရေကန်တွေခမ်းလာပြီး သောက်သုံးရေအခက်အခဲနဲ့ကြုံတွေ့နေရပါတယ်။

ရေအခက်အခဲကြောင့် သန့်ရှင်းတဲ့သောက်ရေမရလို့ ဝမ်းပျက်ဝမ်းလျှောရောဂါစတင်ဖြစ်ပွားနေပြီလို့ သိရပါတယ်။

"ရေကန်ထဲကရေခမ်းနေတော့ သူတို့ရေဝေနေရတာပေါ့၊ တောတွေမှာတော့ ရေတွေ မဝေရသေးဘူး။ တချို့ကျတော့ မြစ်ရေတွေကိုချက်ပြီး ရေသန့်ပြန်လုပ်ပြီးဝေတယ်တဲ့။ ပူတာမှ အရမ်းကိုပူနေပြီ၊ "

လပွတ္တာမြို့နယ်မှာရှိတဲ့ကျေးရွာတဝက်လောက်ဟာ ကန်ရေကိုပဲ အသုံးပြုနေကြရပါတယ်။ နာဂစ်မုန်တိုင်းကြောင့် မြို့နယ်တွင်းကျေးရွာတွေက သောက်သုံးရေကန်တွေကို ဆားငံရေဝင်ခဲ့လို့ အခုထိ ရေသန့်မရတဲ့အပြင် အပူရှိန်ကြောင့် ကန်ရေခမ်းလာတဲ့အတွက် ပိုအခက်တွေ့ရတယ်လို့ လပွတ္တာမြို့ခံတဦးကပြောပါတယ်။

ဘိုကလေးမြို့ခံတဦးက "အခု ကျနော်တို့တမြို့လုံးက ကန်တော်ကြီးကိုပဲ အားထားနေရတယ်၊ ကန်တော်ကြီးရေက ဘာဖြစ်လဲမသိဘူး၊ ဝါနေတယ်၊ အရင်နှစ်က မဝါဘူး၊ ဒီနှစ် မှဝါတာ၊ ကျနော်တို့ဆီမှာ အဲန်ဂျီအိုရုံးတွေ အများကြီးရှိတယ်၊ ဒီရေကို သူတို့ သုတေသနမလုပ်ဘူးလား မသိဘူး၊ မြို့ရဲ့ လေးပုံ သုံးပုံက ကန်တော်ကြီးရေကို မှီခိုနေရတာ၊ ဒီရေမှာ အခက်အခဲတခုခုရှိရင် တမြို့လုံးအတွက်အခက်အခဲရှိတယ်" လို့ပြောပါတယ်။

ဒါကြောင့် ကန်တော်ကြီးရေကို သက်ဆိုင်ရာအာဏာပိုင်တွေနဲ့ အဲန်ဂျီအိုတွေ ရေဝါတဲ့ကိစ္စ၊ သောက်သုံးသင့် မသင့်ဆိုတာတွေကို စနစ်တကျစစ်ဆေးမှုတွေ လုပ်စေချင်တယ်လို့ ဘိုကလေးမြို့ခံကပြောပါတယ်။

# ကာလဝမ်းကူးစက်မှုကြောင့် မကွေးတွင်သေဆုံးမှုရှိ

**DVB ၊ ဧပြီ ၆ ။** ။ မကွေးတိုင်း၊ မကွေးမြို့မှာ ကာလဝမ်းဝမ်းရောဂါကူးစက်ပြန့်ပွားမှုကြောင့် အမျိုးသမီးတဦးသေဆုံးသွားသလို ကလေးငယ်တချို့ သေဆုံးသွားတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ မတ်လလယ်ကတည်းက စတင်ဖြစ်ပွားခဲ့တဲ့ ဒီကာလဝမ်းရောဂါဟာ မကွေးမြို့အာဏာပိုင်တွေက ရောဂါပြန့်ပွားမှုမရှိအောင် ထိန်းချုပ်နေတဲ့ကြားက အခုလို လူသေဆုံးတဲ့အထိ ဖြစ်လာတာပါ။ မနေ့က မကွေးမြို့ ဆိုရပ်ကွက် ၁၂ လမ်းနဲ့ ကမ်းနားလမ်းထောင့်က အမျိုးသမီးတဦး ဝမ်းရောဂါနဲ့ သေဆုံးခဲ့တယ်လို့ မြို့ခံတယောက်ကပြောပါတယ်။

"သေတာကဝမ်းလျှောပြီးသေတာ။ ဒီနေ့သင်္ဂြိုလ်လိုက်တယ်။" ကလေးငယ်တချို့လည်း သေဆုံးတာရှိနေတယ်လို့ ပြောပါတယ်။ ရောဂါပြန့်ပွားမှုတွေ ပိုများလာတာကြောင့် နေပြည်တော်ကအရာရှိတွေက မကွေးမြို့ခံအာဏာပိုင်တွေကို ရောဂါပြန့်ပွားမှုမရှိအောင်ထိန်းချုပ်ဖို့ ဖိအားပေးနေတာကြောင့် မကွေးမြို့က အာဏာပိုင်တွေ အလုပ်များနေကြတယ်လို့ အဲဒီဒေသခံကပြောပါတယ်။

"မနေ့ကဆို လမ်းကြားမှာပဲ ရယက ဥက္ကဋ္ဌတို့ကို ဝင်ပြီးတော့ဖိအားတွေပေးတာခံနေရတာနဲ့တူပါတယ်။ နေပြည်တော်ကလည်း ဒီကိစ္စကို ဆောင်ရွက်ချက်ကတော့ ဘာလည်းတော့မသိဘူး။ တော်ကြာရင်း လူကြီးတွေလာလို့ ရဲတွေစောင့်နေတယ်။ သိပ်ပြန်ကောင်းပုံမရလို့ သူတို့ အဲ့လောက်ဖြစ်နေတာပေ့ါ။" ရောဂါပြန့်ပွားမှုမရှိအောင်ထိန်းချုပ်နေတာကြောင့် တချို့နေရာမတွေမှာ သက်သာနေပြီလို့ မကွေးမြို့ကင်းရပ်ကွက်က ဒေသခံတယောက်ကပြောပါတယ်။

"အခုတော့ ဒီမှာ သောက်ရေတွေ၊ မြစ်ရေတွေကအစ အကုန်ဆေးခတ်တာကိုး။" တခြားမကွေးမြို့ခံတယောက်ကတော့ အပူရှိန်ကြောင့် မထိန်းချုပ်နိုင်သေးသလို ရောဂါဖြစ်ပွားနိုင်မှုအလားအလာ ပိုများလာနိုင်တယ်လို့လည်း တခြားမြို့ခံတဦးကပြောပါတယ်။ "မကွေးက တအားပူတာကိုး။ တော်တော်နဲ့ ပျောက်မှာမဟုတ်ဘူး။ ရာသီဥတုကလည်းအပြင်းဆုံးပဲကိုး ၄၃ ဒီဂရီလောက် ဖြစ်နေတယ်။"

ရောဂါဖြစ်ပွားမှုအခြေအနေ အတိအကျသိနိုင်ဖို့ မကွေးဆေးရုံကို ဖုန်းခေါ်ပေမယ့် ဆက်သွယ်လို့မရပါဘူး။ အပူချိန်မြင့်မားမှုကြောင့် သောက်သုံးရေနည်းပါးလာလို့ သောက်ရေကနေတဆင့် မကွေးမြို့မှာ ကာလဝမ်းရောဂါ စတင်ဖြစ်ပွားလာတာဖြစ်ပါတယ်။ ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်ဘက်မှာလည်း သောက်သုံးရေပြဿနာကြောင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ စတင်ဖြစ်ပွားနေပြီလို့ သိရပါတယ်။

# တော်လှန်ရေးအင်အားစုများ၏ ၁၂ ကြိမ်မြောက် မဟာဗျူဟာဆွေးနွေးပွဲပြီးစီး

**DVB ၊ ဧပြီလ ၆ ။** ။ အတိုက်ခံတော်လှန်ရေးအင်အားစုတွေရဲ့ ၁၂ ကြိမ်မြောက် မဟာဗျူဟာညှိနှိုင်းဆွေးနွေးပွဲကို တော်လှန်ရေးနယ်မြေတနေရာမှာ ဧပြီလ ၂ ရက်နေ့ ကစတင်ပြီး ၃ ရက်ကြာ ကျင်းပပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၊ တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၊ မြန်မာနိုင်ငံကျောင်းသားလူမျိုးများကွန်ဂရက်၊ တိုင်းရင်းသားလူငယ်များအင်အားစုစတဲ့ အဖွဲ့ ၇ ဖွဲ့ပါဝင်ဆွေးနွေးပါတယ်။ မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုအတွင်း ပါသင့်ပါထိုက်တဲ့ နိုင်ငံရေးအင်အားစုတွေ၊ နိုင်ငံရေးပုဂ္ဂိုလ်တွေကို ဖိတ်ခေါ်ပြီး ဒီမိုကရေစီလှုပ်ရှားမှုကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုနိုင်မယ့် နိုင်ငံရေးတပ်ပေါင်းစုတရပ် ဖွဲ့စည်းဖို့ သဘောတူခဲ့ကြတယ်လို့လည်း သူတို့အဖွဲ့ရဲ့ ဒီနေ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ အဲဒီဆွေးနွေးပွဲမှာ လက်ရှိနိုင်ငံရေးအခြေအနေ၊ မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုအတွင်း ခိုင်မာတဲ့ ဦးဆောင်မှုနဲ့ညီညွတ်တဲ့ လှုပ်ရှားမှုဖော်ဆောင်ရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ၂၀၁၀ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြတယ်လို့ မဟာဗျူဟာ ညှိနှိုင်းရေးခေါင်းဆောင် စောဒေးဗစ်ထောက ပြောပါတယ်။

“ရှေ့လာမယ့် ၂၀၁၀ ကိစ္စကို ကျနော်တို့ ဒီကရှိတဲ့ အင်အားတွေက ဘယ်လိုရင်ဆိုင် ဖြတ်ကျော်မယ်ဆိုတဲ့အကြောင်းအရာတွေ၊ နောက်ပြီးတော့ နိုင်ငံတွင်းမှာ ဖြစ်ပေါ်နေတဲ့ လက်ရှိလူမှုဒုက္ခအဝဝကို ကျနော်တို့ ဘယ်လိုလုပ်ပြီး ဖြတ်ကျော်သွားမလဲ ဆိုတာတွေကို အဓိကထားပြီး ဆွေးနွေးခြင်းဖြစ်ပါတယ်။”

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံပြီး ပြုလုပ်မယ့် ၂၀၁၀ ရွေးကောက်ပွဲကိုလည်း ဆန့်ကျင်ဖို့ သဘောတူကြတယ်လို့လည်းပြောပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲကို ဘယ်လိုနည်းလမ်းတွေနဲ့ ဆန့်ကျင်သွားမလဲဆိုတာနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစုရဲ့ အတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင်က ပြောပါတယ်။သသ

“ပထမတခုကဘာလဲဆိုတော့ ကျနော်တို့ကအခုလောလောဆယ် အန်အယ်လ်ဒီ နဲ့ စီအာပီပီတို့ ဦးဆောင်ပြီး အထဲထဲမှာရှိတဲ့ နိုင်ငံရေးအင်အားစုတွေက တောင်းဆိုထားတဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ အားလုံးလွှတ်ပေးဖို့၊ လွှတ်တော်ခေါ်ပေးဖို့၊ လွှတ်တော်မှာရှိတဲ့ ကိုယ်စားလှယ်အင်အားစုတွေချည်းပဲ တိုင်းရင်းသားအင်အားစုရယ်၊ စစ်တပ်က အင်အားစုရယ်ပါတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ရေးဆွဲဖို့ ဆိုတာတွေရှိပါတယ်။ “

အဲဒါကို ကျနော်တို့က ထောက်ခံတယ်။ အဲဒါကိုထောက်ခံဖို့အတွက် နိုင်ငံတကာကို တိုက်တွန်းသွားမယ်။ တချိန်တည်းမှာပဲ ဒီဖွဲ့စည်းမှုအခြေခံဥပဒေက ဘာတွေမှားယွင်းနေသလဲ၊ ဆိုးကျိုးတွေဖြစ်စေသလဲ၊ ကျနော်တို့အဓိကလိုလားနေတဲ့ လူထုရဲ့စားဝတ်နေရေးလုံခြုံဖို့၊ ဘဝဖြစ်ထွန်းတိုးတက်မှုအတွက် ဒီဖွဲ့စည်းပုံအခြေခံဥပဒေက ကူညီထောက်ပံ့မှုပေး မပေးဆိုတဲ့ကိစ္စတွေကို လူထုကို ပညာပေးလှုံ့ဆော်သွားမယ်။ ဘယ်လိုနည်းမျိုးနဲ့မှ တရားမျှတတဲ့၊ လွတ်လပ်တဲ့ရွေးကောက်ပွဲ ဖြစ်တာလဲ ဆိုတာတွေကို မီးမောင်းထိုးပြသွားမယ်။”

၂၀၁၀ ရွေးကောက်ပွဲအချိန်ထိ စစ်အုပ်စုအနေနဲ့ နိုင်ငံရေးအရတွေ့ဆုံဆွေးနွေး အဖြေရှာမှုတွေ မလုပ်ဘူးဆိုရင် ထိပ်တိုက်ရင်ဆိုင်မှုတွေ ဖြစ်လာနိုင်ပြီး အတိုက်ခံအင်အားစုတွေက ပြည်သူလူထုနဲ့အတူပူးပေါင်းကာ လိုချင်တဲ့အခွင့်အရေးတွေရတဲ့အထိ တိုက်ပွဲဝင်သွားမယ်လို့လည်း ဒေါက်တာနိုင်အောင်က ပြောပါတယ်။

---

Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

AIR MAIL

To

PRINTED MATTER